# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 18 November 2024 ၁၁၆၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ခရီးသွားများဖြင့် အထူးစည်ကား



**နေပြည်တော် နိုဝင်ဘာ ၁၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူး ခရီးသွားပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**နွေးထွေးလှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်**

"တန်ဆောင်တိုင်ပွဲတော်ကာလမှာ လပြည့်နေ့ဟာ ဘုရားဖူးခရီးသွားတွေနဲ့ အထူးစည်ကားခဲ့ပါတယ်။ ပုဂံကို ပြည်တွင်းခရီးသွားတွေသာမက ပြည်ပခရီးသွားတွေလည်း အခုလကစပြီး အုပ်စုလိုက်စဝင်နေပါပြီ။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသဟာ အေးချမ်းသာယာပါတယ်။ ဒေသခံတွေကလည်း ပြည်တွင်း၊ ပြည်ပခရီးသွားတွေကို အမြဲတမ်း နွေးထွေးလှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်နေပါတယ်"ဟု ထီးလိုမင်းလိုဘုရား မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ပုဂံဒေသ၏ ခရီးသွားဝန်ဆောင်မှုကဏ္ဍသည် ပုဂံဒေသခံပြည်သူများ၏ လူမှုစီးပွားနှင့် အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အကူပြုလျက်ရှိသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား၌ ဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၇

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ


စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၀၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ » ၂

နိုင်ငံ့အရေး အမျိုးသားရေးကို မျိုးချစ်စိတ်အရင်းခံ၍ သာလျှင် . . . . ဆောင်းပါး စာမျက်နှာ » ၆

တံစိုးလက်ဆောင် ဝေးဝေးရှောင် ဆောင်းပါး စာမျက်နှာ » ၁၇





ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲကျင်းပ စာမျက်နှာ » ၅

ကြေးမုံ

# မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာ လက်ဆင့်ကမ်းအမွေပေးဝေ၍

ယဉ်ကျေးမှုကို မြန်မာအဘိဓာန်တွင် "သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိသော ဓလေ့ထုံးတမ်း" စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အဆိုပါ မြတ်နိုးဖွယ်ရာ ဂုဏ်အင်္ဂါများမှာ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ထွန်းကားခဲ့သလို မကြာသေးမီကာလက ကျင်းပဆင်နွှဲခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာပွဲတော်များတွင် ထင်ရှားပေါ်လွင်စွာ ညွှန်းဆိုပြသခဲ့သဖြင့် အတိုင်းမသိဝမ်းမြောက်ကြည်နူးမိသည်။

မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူများဖြစ်၍ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာပွဲတော်များ ကျင်းပရာတွင် ဘာသာတရားလွှမ်းခြုံသော ပျော်ရွှင်ချမ်းမြေ့မှုများပါရှိ၍ စိတ်ကြည်နူးဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော်၊ ယုံကြည်ကိုးကွယ်ဆည်းကပ်မှုအမျိုးမျိုး၊ နှစ်သက်စွဲလမ်းရာ ယဉ်ကျေးမှုအဖုံဖုံတို့ရှိသည်။ သို့သော် လူမျိုးစုတစ်မျိုးနှင့်တစ်မျိုး ယဉ်ကျေးမှုစံနှုန်းများ မည်မျှကွဲပြားနေသည်ဖြစ်စေ အစဉ်အလာကြီးမားသည့် မြန်မာဟူသည့် ဘုံယဉ်ကျေးမှုစံနှုန်းနယ်ပယ်ကြီးတွင် အားလုံးတစ်စိတ်တစ်ဝမ်းတည်း ပါဝင်စီးမျောခဲ့ကြသည်မှာ မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးမှုများ ပေါ်လွင်ပေသည်။

"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်၊ လူမျိုးပျောက်လျှင် နိုင်ငံပျောက်မည်" ဆိုသောအချက်ကို မကြာခဏအမွှမ်းတင် ပြောဆိုနေကြခြင်းမဟုတ်ပေ။ နိုင်ငံနှင့်လူမျိုး အမှတ်သညာအတွက် ယဉ်ကျေးမှုသည် နိုင်ငံအတွက် အရေးကြီးသလို ယဉ်ကျေးမှုအမှတ်သညာများသည်လည်း နိုင်ငံနှင့်လူမျိုးအတွက် အသက်တမျှ အရေးကြီးလှသဖြင့် ပြောဆိုခြင်းဖြစ်ပေသည်။ ယနေ့ဆင်နွှဲခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာပွဲတော်များသည် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ အေးချမ်းသာယာမှု၊ ပျော်ရွှင်ကြည်နူးမှုအပေါင်းတို့ကို ဆောင်ကြဉ်းပေးခဲ့သဖြင့် ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသော နိုင်ငံနှင့်လူမျိုးအားလုံး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေမည်မှာ သေချာသည်။

ယဉ်ကျေးမှုကို တန်ဖိုးထားခြင်းသည် မည်သူမှတိုက်တွန်းမှုမပါဘဲ၊ မည်သည့်စည်းကမ်းသတ်မှတ်ချက်မှမပါဘဲ နိုင်ငံသားများ၏ နှလုံးသားများမှ အလိုလိုပေါက်ဖွားလာသော မွေးရာပါဆောင်ရွက်ချက်ဖြစ်သည်။ သတိမထားမိသော အသိစိတ်ဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုက်ခြင်းဖြစ်သည်။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လမ်းဖွင့်ပေးသော နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို ကျေးဇူးတင်ရမည်ဖြစ်သည်။ သားရွှေအိုးထမ်းသည့်ကိန်းကဲ့သို့ ပျော်ရွှင်ချမ်းမြေ့မှုကိုလည်း ဆောင်ကြဉ်းနိုင်စေ၊ စည်းလုံးညီညွတ်မှုကိုလည်း ဖော်ဆောင်နိုင်စေပြီဖြစ်သည်။

ထိုသို့ကောင်းမြတ်သော ယဉ်ကျေးမှုအမွေကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေ ဆက်လက်ပေးဝေနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးသောစိတ်၊ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟေ့ဟု ဝင့်ကြွားထည်ဝါပြီး နောင်အရှည်ကြာ အစွန့်ရှည်တည်တံ့ခိုင်မြဲစေလိုသော စိတ်ထားများ၊ မြတ်နိုးတွယ်တာသော စိတ်ထားများ ကမ္ဘာတည်သရွေ့ မြဲမြံခိုင်မြဲနေစေရန် ဆက်လက်အားထုတ်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုသည် ကိုယ်ပိုင်အသိစိတ်ဖြင့် ထိန်းသိမ်းရမည့် အမျိုးသားရေးတာဝန်ကြီးဟုလည်းဆိုနိုင်သည်။ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်ကိုလည်း မိမိကဲ့သို့ယဉ်ကျေးမှုကို ခုံမင်တွယ်တာတတ်လာအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများကို မြတ်နိုးတန်ဖိုးထားကြမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးကို ချစ်ခင်မြတ်နိုးသောစိတ်၊ မြန်မာဟူသော ဂုဏ်ယူစိတ်များ တိုးပွားလာမည်ဖြစ်သည်။ ထိုစိတ်များ တိုးပွားပျံ့နှံ့လာပြီဆိုလျှင် ထိပါးထိုးဖောက်လာမည့် ကွဲပြားခြားနားသော ဆန့်ကျင်ဘက်ယဉ်ကျေးမှုများ ကပ်ငြိလာနိုင်မည်မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ ကမ္ဘာတည်သရွေ့ မပျောက်မပျက် တည်ရှိနေမည်ဖြစ်သည်။ အဓိကမှာ အသိဉာဏ်မြင့်မားသော၊ အတွေ့အကြုံများသော လက်ရှိလူသားများက ကောင်းသောယဉ်ကျေးမှုအမွေအနှစ်များအား နောင်မျိုးဆက် အဆက်ဆက်တို့ကို လက်ဆင့်ကမ်းအမွေ ပေးဝေနိုင်ရေးဖြစ်သည်။ သိမ်မွေ့နူးညံ့သည့် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ယဉ်ကျေးမှုများ မလွှမ်းမိုးလာအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်သည်။

ကောင်းမြတ်သည့် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ဆင့်ကမ်းပေးဝေခြင်း မပြုလုပ်ခဲ့ပါလျှင် နှစ်ကာလကြာမြင့်သည့်အခါ မြန်မာ့ယဉ်ကျေးမှု တစ်စတစ်စလျော့ပါးပျောက်ကွယ်ပြီး မြတ်နိုးတွယ်တာခဲ့ရသော မြန်မာသည်လည်း ပျောက်ပျက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် မိမိနိုင်ငံကို မိမိတို့တန်ဖိုးထားပါ၊ မိမိလူမျိုးကို မိမိတို့ချစ်မြတ်နိုးပါ၊ မိမိယဉ်ကျေးမှုကို မိမိတို့ထိန်းသိမ်းစောင့်ရှောက်မှုဝေပါဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၀၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀၁၅ ကျပ်ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ကျောင်းအပ်လက်ခံမည့်ရက်(သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

**သန်လျင် နိုဝင်ဘာ ၁၇**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက်သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်(ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အားလုံးကို နိုဝင်ဘာ ၂၁ ရက်(ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



တန်ဆောင်မုန်းလပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် ခရီးသွားများ ဆီမီးပူဇော်မှုကို တွေ့ရစဉ်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် ခရီးသွားများကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

“ဒီနှစ် တန်ဆောင်တိုင်ပွဲတော် ကာလမှာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရှိတယ်။ ပြီးတော့ နေပြည်တော်၊ ပဲခူး စသဖြင့် နေရာဒေသတော်တော်များများမှာ ပွဲတော်တွေ စည်စည်ကားကား ကျင်းပခဲ့တဲ့အတွက် ပုဂံကိုလာတဲ့ခရီးသည်က ပုံ့ဝင်တဲ့ သဘောတော့ရှိတယ်။ ဒါပေမယ့် တန်ဆောင်တိုင်လပြည့်နေ့မှာတော့ စည်ကားခဲ့တယ်။ ဒေသခံတွေ အရောင်းအဝယ်တွေ အဆင်ပြေကြတယ်။ ကျွန်တော်တို့လို လက်ပန်းချီဆွဲတဲ့ ဆိုင်တွေအားလုံး ခရီးသွားတွေအပြည့်ရတယ်။ ပြီးတော့ ပြည်ပခရီးသွားတွေ ဝင်ရောက်လည်ပတ်တာမြင်ရတော့ ပိုပြီးဝမ်းသာရပါတယ်။ ခရီးသွားဝန်ဆောင်မှုနဲ့ ရပ်တည်နေရတဲ့ ဒေသဖြစ်တဲ့အတွက် ခရီးသည်တွေလာရင် ဝမ်းသာပီတိဖြစ်ရပါတယ်”ဟု လက်ပန်းချီရေးဆွဲသူ ကိုဇေယျာသန်းက ပြောသည်။

ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း၊ ပြည်ပခရီးသွားများသည် အမှတ်တရပစ္စည်းဝယ်ယူခြင်းအပြင် လက်ပန်းချီဆွဲခြင်း၊မြင်းလှည်းစီးခြင်းတို့ကို အများဆုံးပြုလုပ်လေ့ရှိပြီး လူငယ်များကပို၍ လက်ပန်းချီရေးဆွဲလေ့ရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလသည် ခရီးသွားဝင်ရောက်မှုများသော အချိန်ကာလဖြစ်ပြီး နတ်တော်လတွင်ကျင်းပသည့် အလိုတော်ပြည့်ဘုရားပွဲတော်ကာလနှင့် ပြာသိုလတွင်ကျင်းပသည့် အာနန္ဒာဘုရားပွဲတော်ကာလတို့သည်လည်း ခရီးသွားများဖြင့် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး



## ပုဂံမြို့ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပုဂံ နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်တွင် အဆိုပါရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များအတိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ စေတနာအလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ မြင်းကပါကျေးရွာမှ ဝတ်ရွတ်အသင်းက ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် နံနက် ၅ နာရီတွင် ပုဂံမြို့ ဓမ္မသီဂီဝတ်အသင်းက ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် အချိုပွဲများဆက်ကပ်လှူဒါန်းပြီး ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တ သာဂရ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်သည်။ ဆက်လက်၍ စေတနာအလှူရှင်များက သံဃာတော်အရှင်သူမြတ်များကို ဝတ္ထုငွေ၊ ဆွမ်း၊ ဆေး အစရှိသည့် ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

### အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်

ယနေ့နံနက်ပိုင်းက မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များက အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ စတင်ကျင်းပပြီး အန္တရာယ်ကင်း ပရိတ်၊ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်လျက်ရှိသည်။ အဆိုပါ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ခြင်းကို တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရန်ကုန်တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် (နောက်ဆုံးနေ့)တွင် အပန်းဖြေလာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကား



**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်ပန်းခြံတွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါပွဲတော် နောက်ဆုံးနေ့ဖြစ်သည့် ယမန်နေ့ညနေပိုင်းအချိန်ကလည်း အပန်းဖြေလာရောက် လည်ပတ်ကြသူများဖြင့် အထူးပင်စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်သို့ အပန်းဖြေလာရောက်ကြသူများနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် ရောင်စုံအလှဆင်မီးများစွာဖြင့် ဆင်ယင်ပြသထားသလို စိတ်အပန်းပြေစေရန်အတွက်လည်း တေးဂီတဖျော်ဖြေပွဲကို စီစဉ်ပေးထားပြီး အနုပညာရှင်ပေါင်း များစွာ လာရောက် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

"သမီးတို့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်က လာရောက်တာပါ။ ရုပ်မြင်သံကြားကနေ ဒီပွဲတော် ကျင်းပနေတာကိုမြင်ပြီး အလုပ်ပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့ လာရောက်လည်ပတ်ဖြစ်တာပါ။ ဒီနေ့နဲ့ဆို ဒီကိုလာတာ နှစ်ရက်ရှိပါပြီ။ ဒီမှာက ရောင်စုံမီးတွေနဲ့ အလှဓာတ်ပုံရိုက်လို့ရတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း မီးပုံးပျံလွှတ်တင် ပူဇော်ခွင့်ရတယ်။ နောက်ပြီး မီးရှူးမီးပန်းတွေပစ်ဖောက်တာကိုလည်း အနီးကပ်မြင်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ်" ဟု ပွဲတော်သို့ အပန်းဖြေလာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။



အဆိုပါပွဲတော်တွင် MSME လုပ်ငန်းများနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့် MSME Talk Show များ၊ အထူး Promotion အနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးထွက်ကုန်များကို ပြသရောင်းချခြင်း၊ ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များ စာဖတ်ရှုနိုင်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၄၈၉ ခန်း ပြသရောင်းချခဲ့ကြောင်း၊ အဖိတ်နေ့နှင့် တန်ဆောင်မုန်းလပြည့်ညတို့တွင် မီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်သည့် အစီအစဉ်များ ကျင်းပပြီး ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသော အနုပညာရှင်များကလည်း ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်နောက်ဆုံးနေ့တွင် အပန်းဖြေလာရောက်ကြသူများဖြင့် ယခင်နေ့များထက် အထူးပင် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းအောင်(တာမွေ)**

# တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ပဲခူးတန်ဆောင်တိုင်ပွဲတော်၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား



**ပဲခူး နိုဝင်ဘာ ၁၇**

ပဲခူးတန်ဆောင်တိုင်ပွဲတော်၏ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၁၆) ရက် ညပိုင်းတွင် ပဲခူးရွှေမော်ဓောဘုရားလမ်းတစ်လျှောက်၌ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ပွဲတော်တွင် ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားခဲ့သည်။

အဆိုပါပွဲတော်ကျင်းပရာ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှထွက်ရှိသော MSME ထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ မုန့်ဈေးတန်းများနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်သူများ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေရေးနှင့် ကလေးကစားကွင်းများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများ အလှဓာတ်ပုံရိုက်ကူးသူများဖြင့် အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် အစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပသော တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ နောက်ဆုံးနေ့ (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူဘုရားပွဲသည် ညောင်တုန်းမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်းကျင်းပသော အထင်ကရဘာသာရေးပွဲတော်တစ်ခုဖြစ်ကာ ယခုနှစ်သည် အကြိမ် (၅၀) မြောက်ဖြစ်ပြီး မြို့သူမြို့သားများရောဂါကင်းရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ကာ မြို့ပေါ် (၁၀) ရပ်ကွက်ရှိ ယာယီစံကျောင်းတော်မှ အပူဇော်ခံထားရှိသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား မြို့တွင်းသို့ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံခဲ့သည်။

ထို့အတူ ဘုရား၊ ကျောင်းကန်၊ စေတီများတွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ခြင်းများနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် ပွဲလမ်းသဘင်များ၊ ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်များ၌ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်က ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဘာမီသာ(ပခုက္ကူ)



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲဖွင့်ပွဲ ကျင်းပ



ကလော နိုဝင်ဘာ ၁၇

(၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံထွန်းညှိပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက ကလောမြို့ မောမြေဦးပန်းခြံ မီးရှော်တိုင်ကွင်း၌ ကျင်းပသည်။

အဆိုပါ ပူဇော်ပွဲကို ကလောမြို့ ကိုးမြို့ရှင်နတ်နန်းတွင် စုရပ်ပြုလုပ်၍ ကလောမြို့တောင်ကြီးပြည်ထောင်စုလမ်းမကြီးအတိုင်း ကလောနာရီစင်မှ မီးရှော်တိုင်ကွင်းသို့လှည့်လည်ကြရာ မီးကြာစံထွန်းညှိပူဇော်လှည့်လည်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးသည်။

အခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ပြည်နယ် ဝန်ကြီးများက ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကလောမြို့ မီးရှော်တိုင်နှင့် မီးကြာစံအလှပဒေသာထွန်းညှိပူဇော်ပွဲကို သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မြတ်ဗုဒ္ဓဘုရားရှင်အား တန်ဆောင်တိုင်မီးရှော်တိုင်နှင့်မီးကြာစံအလှပဒေသာများဖြင့် နှစ်စဉ်ပူဇော်နိုင်ရန်၊ ကလောမြို့နယ်၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုဖော်ထုတ်ပြီး ရေရှည်တည်တံ့အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်၊ ကလောမြို့၏ သဘာဝရာသီဥတုနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုမြန်မာသာမက ကမ္ဘာကပါ သိရှိပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ မြို့နယ်၏ စီးပွားရေးလုပ်ငန်းများပိုမိုတိုးတက်ဖြစ်ထွန်းလာရန်၊ ကလောမြို့နယ် မြို့နယ်သားများ၊ လူငယ်ထုတစ်ရပ်လုံးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ရာတွင် စုပေါင်းညီညာစွာဆောင်ရွက်နိုင်မှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းစနစ်ကျနစွာဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံထွန်းညှိပူဇော်ပွဲကို စက်ခလုတ်နှိပ်၍ မီးပုံးပျံငယ်အလုံး ၂၀၀ လွှတ်တင်ခြင်းနှင့်မီးရှူးမီးပန်းများပစ်လွှတ်ပေးခြင်း၊ ပြိုင်ပွဲဝင် မီးကြာစံအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များက ကပြဖျော်ဖြေခြင်းနှင့်နိုင်ငံကျော် သရုပ်ဆောင်တေးသံရှင်များက ဖျော်ဖြေပေးကြကြောင်း သိရသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကလောမြို့ရပ်ကွက်(၃) ကိုယ်စားပြု Kalaw–Net မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်ကြသည်။ အဆိုပါ မီးရှော်တိုင်ပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ (၁၁)ရပ်ကွက်နှင့်ရပ်ကွက်/ကျေးရွာတို့မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ပြီး ပြိုင်ပွဲတွင်မီးရှော်တိုင် ၁၅ တိုင်ကို ညစဉ် ငါးတိုင်ဖြင့် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ ဆဋ္ဌမနေ့တွင် မီးပုံးပျံစုစုပေါင်း ၁၈၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်

**တောင်ကြီး နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ၁၃၈၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ တန်ဆောင်တိုင် မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မြို့နယ်လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲတော်၊ မီးပဒေသာလှည့်လည်ပူဇော်ပြိုင်ပွဲ၊ ဈေးပွဲတော်၊ အရောင်းမြှင့်တင်ရေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထိုသို့ ကျင်းပရာတွင် ပွဲတော်သို့လာရောက်လည်ပတ်သည့် ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိပြီး ရင်တွင်းစကားသံများကို ယခုလိုကြားသိရသည်။

"ကျွန်မက မအေးချမ်းမိုးပါ၊ တောင်ကြီးမြို့နယ်ကပါ၊ မီးပုံးပျံလာကြည့်တာပါ။ မီးပုံးက နေ့ဆိုရင် နေ့လွှတ်အရုပ်လေးတွေရှိတယ်။ ညဆိုရင်တော့ ညမီးကြီးနဲ့ စိန်နားပန် စတဲ့မီးပုံးပျံတွေကို တွေ့ရပါတယ်။ နေ့အရုပ်တွေဆိုရင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အရုပ်အစုံပါ။ မီးပုံးပျံတွေကတော့ ကာလအချိန်ကြာမြင့်စွာ အချိန်ယူပြီးလုပ်ရတယ်ဆိုတော့ အလွန်လည်းလှ၊ အလွန်လည်းကြည့်လို့ကောင်းပြီး စိတ်ထဲအလွန်ပျော်ရွှင်ရပါတယ်။ ပွဲဈေးတန်းတွေလည်း ရှိပြီးတော့ နေ့အရုပ်မှာဆိုရင် ဒေါင်း၊ ကြက်တူရွေး၊ ကြက်၊ ခို၊ ဘဲ၊ တောဝက်၊ ဆင်၊ မြင်း စတဲ့ အရုပ်အစုံကို လှလှပပ မြင်တွေ့ရပါတယ်။"

**ကြည့်ရှုအားပေး**

ပွဲလာရောက်ကြည့်ရှုသူအမျိုးသားတစ်ဦးက "ဒီတန်ဆောင်တိုင်ပွဲမှာ နေ့လွှတ်အရုပ်တွေကို လှလှပပစည်စည်ကားကားနဲ့ လွှတ်တင်နေတာ တွေ့ရပါတယ်။ နေ့လွှတ်အရုပ်တွေကို မြင်တွေ့ရတာ ရင်သပ်ရှုမောဖွယ်ကောင်းလှပါတယ်။ လွှတ်တဲ့နေရာမှာ ကျွန်တော်အားပေးနေတာပါ။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းစတဲ့ တစ်ရုပ်ထဲ၊ အတွဲလိုက်ဆိုရင် နှစ်ကောင်တွဲ၊ သုံးကောင်တွဲမြင်တွေ့ရပြီးတော့ တချို့အရုပ်တွေဆိုရင် မီးလောင်ပျက်စီးသွားတာတွေလည်း တွေ့ရပါတယ်။ ပရိသတ်များလည်း စည်စည်ကားကားနဲ့ အားရဝမ်းသာစွာ ကြည့်ရှုအားပေးနေကြတာကို တွေ့မြင်ရပါတယ်"။

အဆိုပါမီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်တာကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၉ လုံး၊ ညမီးကြီး မီးပုံးပျံ ၂၂ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၇၄ လုံး စုစုပေါင်း မီးပုံးပျံ ၂၇၁ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်တွင် ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ သုံးလုံး၊ ညမီးကြီး မီးပုံးပျံ လေးလုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၃၅ လုံး စုစုပေါင်း မီးပုံးပျံ ၄၂ လုံးအား လွှတ်တင်ပူဇော်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**





# နိုင်ငံ့အရေး အမျိုးသားရေးကို မျိုးချစ်စိတ်အရင်းခံ၍သာလျှင် . . . .

မိုးကေနိုင်

**မြန်မာတစ်မျိုးသားလုံး ကိုလိုနီလက်အောက်၊ ကျွန်သပေါက်ဘဝ ရောက်နေချိန် ၁၉၂၀ ပြည့်နှစ်တွင် စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ရှင်သန်ခဲ့သည့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးဇာတိမာန်... လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီးတောက်ချိန်ကာလများ၊ အချုပ်အခြာအာဏာကို အသက်ပေးကာကွယ်စောင့်ရှောက်ရသည့်အခြေအနေများ၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် ညီညွတ်ရေးစိတ်ဓာတ်များကိန်းအောင်းနေအောင် ကြိုးပမ်းရသည့် ကာလတစ်လျှောက် အရာအားလုံး၏အရင်းခံတည်ရာသည် အမျိုးသားရေးနှင့် မျိုးချစ်စိတ်ကသာအဓိကဖြစ်ကြောင်း သုံးသပ်ရပါမည်။**

### မျိုးချစ်စိတ်သည် အလုပ်မဖြစ်ဟူသည် မမှန်ကြောင်းပြသနေ

ယနေ့ခေတ်ယနေ့အခါ၌ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးတာဝန်များသည် ပြည်ထောင်စုကြီးအတွက် အလွန့်အလွန်ကို အရေးကြီးနေပါပြီ။ မျိုးချစ်စိတ်ဓာတ်ဟူသည် အသက်အရွယ်အပိုင်းအခြားမရွေး၊ ဘယ်နေရာရောက်ရောက် နိုင်ငံသားတိုင်းသက်ဝင်နေရန် အရေးကြီးပြီး အထူးသဖြင့် လူငယ်အများစုမှာ ပို၍အလေးထားရန်ဖြစ်သည်။ အများစုက မျိုးချစ်စိတ်ဓာတ်သည် အရေးမကြီးတော့၊ အမျိုးသားရေးဆိုတာ အလုပ်မဖြစ်တော့ဟု ယူဆလာနေကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်စံတန်ဖိုးများနှင့် အမျိုးသားရေးလက္ခဏာများ ပုံဖျက်ခံနေရပြီး ဘာသာသာသနာနှင့် ရိုးရင်းစွဲယဉ်ကျေးမှုစရိုက်ကောင်းများ ချိုးဖျက်ခံနေရသလို ခံစားမိသည်။ အမေကျော်၍ ဒွေးတော်လွမ်းရဲလောက်အောင် ဇာတိမာန်များ ပျောက်ဆုံးနေကြသည်။ နိုင်ငံတစ်နိုင်ငံတွင်ရှိသင့်သည့်မျိုးချစ်စိတ်မရှိတော့လျှင် ကမ္ဘာ့အလယ်မှာ ရှင်သန်ရပ်တည်ရန် အလွန်ခဲယဉ်းပါသည်။ ငါတို့လူငယ်၊ ငါတို့လူမျိုးတွေ ကမ္ဘာ့သမိုင်းတစ်ပတ်ပြန်လည်နေသည်ကို မသိလောက်အောင်ကို ရိုးလွန်း၊ အလွန်းလျှင် ခေတ်နောက်ပြန် ဆွဲမနေသင့်တော့ပါ။

မကြာသေးမီက ပြီးစီးခဲ့သည့် အမေရိကန်ရွေးကောက်ပွဲ၌ အမျိုးသားရေးအားသန် ဒေါ်နယ်ထရမ့်တစ်ယောက် ဘာကြောင့်အနိုင်ရခဲ့ပါသလဲ၊ အမေရိကန်နိုင်ငံကြီးက အမေရိကန်လူမျိုးတို့၏ အကျိုးစီးပွားသာအဓိကဟူသော ကြွေးကြော်သံကို အမေရိကန်လူထုကြီးက နှစ်သက်ကြ၍သာ သမ္မတဟောင်းကြီးကို ပုံအောမဲထည့်ခဲ့ကြခြင်းဖြစ်သည်။ မျိုးချစ်စိတ်ကို အခြေခံထားသည့် Make America Great Again က အလုပ်ဖြစ်ခဲ့ပုံရသည်။ လတ်တလောဥပမာဆိုပေမယ့် ကမ္ဘာကြီးမှာ Liberal democracy မှ Nationalism အခြေခံ democracy သို့ဆီ ရွေ့လျားလာသည့်အခြေအနေများကို သတိမပြုဘဲမနေသင့်ပါ။ လက်ရှိ ရုရှား၊ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံ့ခေါင်းဆောင်များအားလုံး နိုင်ငံတိုးတက်အောင် ဦးဆောင်မှုပေးနိုင်သော အမျိုးသားရေးခေါင်းဆောင်များဖြစ်ကြသည်။ သူတို့တွေသည် ခေတ်စနစ်တွေ ဘယ်လိုပြောင်းပြောင်း မျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်ကိုတော့ ဘယ်တော့မှလျစ်လျူရှုခဲ့ဟန်မတူ။ ယူသင့်တာယူ၊ အတုယူသင့်တာ ယူရမည်ဖြစ်သည်။ အနာဂတ်တွင် အားလုံးက မျိုးချစ်စိတ်အခြေခံသည့် အမျိုးသားအကျိုးစီးပွား အမျိုးသားရေးတည်ဆောက်မှုများဘက်သို့သာ ရွေ့လျားလာတော့မည်လား ခန့်မှန်းနိုင်ပါသည်။

### အမျိုးသားပညာမျိုးစေ့ကနေ လွတ်လပ်ရေးသန္ဓေတည်နိုင်ခဲ့သည်ကို

ကိုလိုနီခေတ်က ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားများသည် နယ်ချဲ့ကိုမကြိုက်၊ ကိုလိုနီစနစ်ကို မုန်းခဲ့ကြသည်။ တိုင်းတစ်ပါးက လာရောက်အုပ်ချုပ်သည်ကို နဂိုကတည်းက လက်ခံသူများမဟုတ်ခဲ့ကြ၊ အချိန်ရှိသရွေ့အခြေအနေပေးသမျှ တွန်းလှန်ခဲ့ကြသူများဖြစ်သည်။ ပညာတတ်လူငယ်ပီပီ ပညာရှင်ဆန်ဆန် ငါတို့လူမျိုးကို အမှန်တကယ်ဖိနှိပ်ချုပ်ချယ်သူမှာ တိုင်းတစ်ပါးက နယ်ချဲ့အစိုးရပါလား၊ ကိုလိုနီယန္တရားတစ်ခုဖြစ်နေသော ကိုလိုနီပညာရေးစနစ်သည် နယ်ချဲ့စနစ်သက်ဆိုးရှည်ရေး တကယ့်တရားခံအစစ်ဖြစ်နေပါလား၊ ကွဲကွဲပြားပြားသိမြင်နိုင်စွမ်းရှိခဲ့သည်။ ထိုမှ အမှားနှင့်အမှန်၊ တရားမှုနှင့် မတရားမှုကို ကောင်းစွာခွဲခြားနိုင်ခဲ့ပြီး မတရားသည့်တစ်ဖက်သတ် တက္ကသိုလ်ဥပဒေကို လက်မခံဆန့်ကျင်ကာ အမျိုးသားပညာရေးမျိုးစေ့ကို စတင်သန္ဓေတည်နိုင်ခဲ့သည်။

ကိုယ့်ပညာ၊ ကိုယ့်ဘာသာစကား ချစ်မြတ်နိုးသည့်စိတ်ဓာတ်က အမျိုးသားရေးအခြေခံသည့် မျိုးချစ်စိတ်ကို ရှင်သန်စေခဲ့သည်။ ထိုမှတစ်ဆင့် ကိုယ့်နိုင်ငံကိုချစ်သည့် နိုင်ငံချစ်စိတ်၊ ထိုမှသည် နယ်ချဲ့လက်အောက်မှ လုံးဝလွတ်မြောက်လိုသည့် တိုက်ပွဲဝင်စိတ်ဓာတ်များ၊ ပြည်ထောင်စုစိတ်ဓာတ်များကို တစ်ပြည်လုံးအနှံ့ တိုးတက်ပျံ့နှံ့သွားစေခဲ့သည်ဟု ဆိုရမည်။ မတရားအဖိနှိပ်ခံရပြီး တိုင်းတစ်ပါးလက်အောက်ရောက် ပြည်သူအားလုံးလွတ်မြောက်ရေးအတွက် ထိုခေတ်ထိုအခါက ဦးဆောင်သူများ၏လွတ်လပ်ရေးလှုပ်ရှားမှုများသည် တရားသောလုပ်ရပ်များဖြစ်ခဲ့သည့်အတွက်သာ ဓမ္မက အဓမ္မကို အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်ကိုမူ ပညာမျက်စိဖြင့် ကြည့်တတ်ဖို့လိုပါမည်။ အဓိကအချက်မှာ စစ်မှန်သောမျိုးချစ်စိတ်သာလျှင် အရင်းခံဖြစ်သည်ဆိုသည့်အကြောင်းရင်းကို လက်ခံနိုင်စွမ်းရှိရပါမည်။

### လက်ရှိအခြေအနေမှာ လိုအပ်နေသောတရားများနှင့်အတူ

ထိုကဲ့သို့ မျိုးချစ်စိတ်ဓာတ်အရင်းခံ၍သာ နယ်ချဲ့တို့ကို အန်တုတော်လှန်ပြီး လွတ်လပ်ရေးပန်းတိုင် အရောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစိတ်ဓာတ်မျိုး လက်ဆင့်ကမ်းနိုင်၍သာ ပြည်ထောင်စုကြီး တည်မြဲနေခြင်းဖြစ်သည်၊ အချုပ်အခြာခိုင်ခံ့နေခြင်းဖြစ်သည်ကို မြန်မာ့သမိုင်းဖြစ်ရပ်များစွာက သက်သေထူခဲ့ ထူနေဆဲလည်းဖြစ်သည်ကို အသိအမှတ်ပြုရပါမည်။ မျိုးချစ်စိတ်ကင်းမဲ့ပါက ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲ အချုပ်အခြာဖရိုဖရဲဖြစ်မှာ သေချာလှသည်။

သို့သော် ယခုဆယ်စုနှစ်တစ်ခုအတွင်းမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံအရေး၊ အမျိုးသားရေးဟူသည် ရိုက်ချိုးဖျက်ဆီးခံနေရသည့် အနေအထား၊ ပြည်တွင်းပြည်ပစိန်ခေါ်မှုဗရပွနှင့် အကျပ်အတည်းအမျိုးစုံအောက်တွင် မဆုတ်မနစ် ခုခံကာကွယ်စောင့်ရှောက်ရသည့် အနေအထားဖြစ်နေသည်။ နိုင်ငံချစ်စိတ်မဆိုထားနှင့် ကိုယ့်လူမျိုးအချင်းချင်းပင် မေတ္တာထားချစ်တတ်ကြဖို့ ခဲယဉ်းနေကြသည်။ နိုင်ငံ့အရေး၊ အမျိုးသားရေးထက် ကိုယ့်အရေးကအဓိက၊ အတ္တပဓာနဖြစ်လာကြလျှင်... ထိုအခြေအနေမျိုးမှာ တိုးတက်မှုအရေး၊ ဖွံ့ဖြိုးမှုအရေးတို့ပါ နောက်ကျသွားနိုင်သည်ကို သတိပြုသင့်ပါသည်။

**ကိုလိုနီခေတ်က ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားများသည် နယ်ချဲ့ကိုမကြိုက်၊ ကိုလိုနီစနစ်ကို မုန်းခဲ့ကြသည်။ တိုင်းတစ်ပါးက လာရောက်အုပ်ချုပ်သည်ကို နဂိုကတည်းက လက်ခံသူများမဟုတ်ခဲ့ကြ၊ အချိန်ရှိသရွေ့အခြေအနေပေးသမျှ တွန်းလှန်ခဲ့ကြသူများဖြစ်သည်။ ပညာတတ်လူငယ်ပီပီ ပညာရှင်ဆန်ဆန် ငါတို့လူမျိုးကို အမှန်တကယ်ဖိနှိပ်ချုပ်ချယ်သူမှာ တိုင်းတစ်ပါးက နယ်ချဲ့အစိုးရပါလား၊ ကိုလိုနီယန္တရားတစ်ခုဖြစ်နေသော ကိုလိုနီပညာရေးစနစ်သည် နယ်ချဲ့စနစ်သက်ဆိုးရှည်ရေး တကယ့်တရားခံအစစ်ဖြစ်နေပါလား၊ ကွဲကွဲပြားပြား သိမြင်နိုင်စွမ်းရှိခဲ့သည်။ ထိုမှ အမှားနှင့်အမှန်၊ တရားမှုနှင့် မတရားမှုကို ကောင်းစွာခွဲခြားနိုင်ခဲ့ပြီး မတရားသည့် တစ်ဖက်သတ် တက္ကသိုလ်ဥပဒေကို လက်မခံဆန့်ကျင်ကာ အမျိုးသားပညာရေးမျိုးစေ့ကို စတင်သန္ဓေတည်နိုင်ခဲ့**

မြန်မာသာမဟုတ် ကမ္ဘာမှာလည်း အပြောင်းအလဲများက မြန်ဆန်လွန်းလှသည်။ များသောအားဖြင့် အဖျက်သဘောနှင့် အပျက်ဘက်ဦးတည်သည်က များနေသည်။ မိမိနိုင်ငံအကျိုးစီးပွား ရှေ့တန်းတင်ကြလွန်းပြီး မလျော်ညီဇာလွှမ်းမိုးမှု ဖိအားပေးမှုများပြားလာသည့်အခါ ကမ္ဘာအနှံ့ ပဋိပက္ခများချည်း တွေ့လာရသည်။ အထူးသဖြင့် မျိုးချစ်စိတ်အခံအားနည်းသောနိုင်ငံများတွင် အချုပ်အခြာဆုံးရှုံးမှုပိုများပြီး ပျက်စီးဆုံးရှုံးမှုပိုများကြောင်းလည်း တွေ့ရသည်။ အပျက်များကြားထဲ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပျက်အစီးအဆုံးအရှုံး နည်းနိုင်သမျှနည်းအောင် စည်းလုံးညီညွတ်ဖို့က အဓိကလိုအပ်ချက်ဖြစ်နေသည်။ ကိုယ့်လူမျိုးအချင်းချင်း၊ ကိုယ့်နိုင်ငံသားအချင်းချင်း အသက်ပေးကာကွယ်စောင့်ရှောက်ကြမည်ဟူသောစိတ်ဓာတ်၊ ကိုယ့်နိုင်ငံ နယ်နိမိတ်မည်သည့်အစိတ်အပိုင်းမျှ အပွန်းအရှအထိခိုက်မခံဟူသော စိတ်ဓာတ်၊ သွေးကပြောသောအမျိုးချစ်စိတ် ထိုစိတ်ဓာတ်မျိုးမရှိဘဲနှင့် မည်သို့သောစည်းလုံးညီညွတ်မှုမျိုးမှ ရနိုင်မည်မဟုတ်ပါ။

အပြန်အလှန်ယုံကြည်မှု၊ နားလည်ပေးမှု၊ သည်းခံမှုနှင့် ကိုယ်ချင်းစာတရား၊ မေတ္တာတရားနှင့် သံယောဇဉ်၊ တစ်ဦးနှင့်တစ်ဦးကူညီဖေးမမှု စသည့်လောကပါလတရားများသည် မြန်မာတို့၏အမျိုးသားရေးစရိုက်များလည်းဖြစ်နေသည်။ ကောင်းမြတ်သောထိုအသွင်အပြင်များ မိမိတို့လူမျိုးများအကြား စိမ့်ဝင်နေရန်သည် ယခုအချိန်မှာ အရေးတကြီးလိုအပ်နေပြီး ထိုအခြင်းအရာတို့ကို မျိုးချစ်စိတ်ကသာလျှင် ယူဆောင်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားပါသည်။

### အမျိုးသားရေးတည်ဆောက်မှုဆီသို့

ထို့ကြောင့် မျိုးချစ်စိတ်တို့၊ နိုင်ငံချစ်စိတ်တို့ဆိုသည်ကို အလွှာအားလုံးမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေရန်နှင့် ယခုထက်ပို၍ အာရုံစိုက်ပြုပြင်ရန် လိုအပ်နေသည်ဆိုသောအချက်မှာ ထင်ရှားလှပါသည်။ အတိတ်ကာလက အမျိုးသားပညာရေးမျိုးစေ့ဖြင့် လိုချင်သည့်အရာကို ခူးဆွတ်နိုင်ခဲ့ပြီး အောင်ပွဲများရယူနိုင်ခဲ့သည်ကို သင်ခန်းစာယူ၍ ယနေ့အခြေခံပညာကျောင်းများကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ထာဝရကိန်းအောင်းရာ၊ ပျံ့နှံ့တိုးတက်ရာ အုတ်မြစ်များအဖြစ် ခိုင်ခံ့အောင် ဆက်လက်ဆောင်ရွက်ရပါမည်။ ယခုလို နိုင်ငံတည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအရေး ဦးစားပေးဖြေရှင်းနေရသည့်အခြေအနေတွင် နိုင်ငံနှင့်လူမျိုးချစ်စိတ်များ တိုးပွားရန်အတွက် အခြေခံအကျဆုံးသည် ပညာရေးကဏ္ဍပင်ဖြစ်သည်ကို ငြင်းချက်ထုတ်ရန်မရှိပါ။

သို့မှသာ အမျိုး၊ ပညာ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပြီး တိုင်းပြည်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း အရှိန်အဟုန်ရလာမည်ဖြစ်ပါသည်။ သို့မှသာ သိမ်မွေ့နက်နဲသော အမျိုးသားရေးတည်ဆောက်မှု (Nation building) လက္ခဏာများ ပီပီပြင်ပြင်ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါသည်။

အဓိကအချက်မှာ မိမိတို့ဆီတွင် မျိုးဆက်နှင့်ချီပြီး ရှိရမည့် မျိုးချစ်စိတ်ကို မယုတ်လျော့ မဆုံးရှုံးစေလိုသော စေတနာပင်ဖြစ်သည်။ မျိုးချစ်စိတ် မျိုးဆက်ပြတ်သည့်အနေအထားတစ်ခုအထိ Generational patriotism gap မဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရေးသည် ယခုအချိန်တွင် အလွန်အရေးကြီးနေပါသည်။ နေသာသလိုမနေဘဲ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးအတွက်ပေးဆပ်မည်ဆိုသည့် စိတ်နေစိတ်ထား၊ ငါတို့ဘာသာ၊ ငါတို့သာသနာ၊ ငါတို့ယဉ်ကျေးမှု၊ ငါတို့ပိုင်မြန်မာစာပေ၊ မြန်မာစကားကို နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူသောခံယူချက်... ထိုအချက်များထက် ပို၍အရေးကြီးသောအချက်များ ရှိမည်မထင်ပါ။

ကမ္ဘာကြည့်မြင်ကြည့်ပါ၊ မျိုးချစ်စိတ်ရှိသောခေါင်းဆောင်နှင့် နိုင်ငံချစ်စိတ်ရှိသောနိုင်ငံသားများ ဦးဆောင်သောတိုင်းပြည်များတွင် အမျိုးသားအကျိုးစီးပွား အစွန့်ရှည်တည်တံ့ပြီး ပို၍ရှင်သန်တိုးတက်နေသည်ကို အကဲခတ်မိကြမည်ထင်သည်။ နိုင်ငံတိုင်းတွင် အမျိုးသားအကျိုးစီးပွားကသာ အဓိကဖြစ်နေရာ အမျိုးသားရေးစိတ်ဓာတ်မရှိဘဲနှင့် အမျိုးသားအကျိုးစီးပွားဖော်ဆောင်၍ ရမည်မဟုတ်သလို အမျိုးသားရေးစိတ်ဓာတ်ရရှိရန်မှာလည်း မျိုးချစ်စိတ်ကသာ အခြေခံဖြစ်နေကြောင်း တွေ့ရပြန်သည်။ သို့သော် အစွန်းနှစ်ဖက် ရောက်မသွားရန်တော့ လိုအပ်သည်။ အစွန်းရောက်ခြင်းက ဖောက်ပြန်သောမျိုးချစ်စိတ်နှင့် အနုတ်လက္ခဏာဆောင်သော အမျိုးသားရေးဘက်သို့ ရောက်သွားတတ်၍ဖြစ်သည်။

ပြန်၍ချုပ်ရလျှင် နိုင်ငံနှင့်လူမျိုး ပြည်ထောင်စုကြီး၏ ပုံရိပ်မြင့်မားစေရေး မျိုးချစ်စိတ်ကို အစဉ်ထာဝရပုံဖော်နေရန်သာ အရေးကြီးပါသည်။ လက်ရှိအခြေအနေများအရ ယခုပစ္စုပ္ပန်ကော နောင်အနာဂတ်အတွက်ပါ မှန်ကန်ပြီးအရောင်အသွေးကင်းသည့် မျိုးချစ်စိတ်ကို အခြေခံသော အမျိုးသားရေးနှင့်အမျိုးသားအကျိုးစီးပွားမှလွဲ၍ အခြားအရေးကြီးဆုံးသောအရာမရှိနိုင်ပါ။ ထိုဆိုသောအချက်သည်သာ အရာအားလုံးအတွက် အဓိကအကြောင်းတရား ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ။




(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## ပေါင်မြို့နယ်၌ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**ပေါင် နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ပညာရေးမိသားစု သတ္တမအကြိမ်မြောက် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မုကျိုကျေးရွာ မဟာဗောဓိစေတီတော်သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

**ရွတ်ဖတ်ပူဇော်**

ဦးစွာပေါင်မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မုကျိုတိုက်ကျောင်းဆရာတော် အရှင်ဥ‌ေ ယျဓမ္မထံမှ ဩဝါဒခံယူကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ဓမ္မစကြာနှင့်ပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲများ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြပြီး ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲကို ပေါင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ဓမ္မစကြာ တစ်ဖွဲ့လျှင် ၂၂ ဦး၊ ပြိုင်ပွဲဝင် ၁၉ ဖွဲ့၊ ပဋ္ဌာန်းဒေသနာတော် တစ်ဖွဲ့လျှင် ၂၅ ဦး၊ ပြိုင်ပွဲဝင် ၁၃ ဖွဲ့တို့ဖြင့် နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## အုတ်တွင်းမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၈၂) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးလမ်းရပ်ကွက်ရှိ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့် စေတီတော်မြတ်ကြီးရှေ့၌ ကျင်းပသည်။

အဆိုပါမြို့နယ်လုံးဆိုင်ရာဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ သံဃာတော် ၁၁၁ ပါးနှင့် သီလရှင်အပါး ၅၀ တို့အား အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူးဗိုလ်မှူးချုပ် ဇော်မြင့်ဦးနှင့် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ တပ်မိသားစုဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်/ ကျေးရွာစေတနာရှင်ပြည်သူများစုပေါင်း၍ မဲရုံပေါင်း ၅၅ ရုံဖြင့် စုစုပေါင်းလှူဒါန်း ငွေကျပ် ၁၉၂၁၃၄၀၀ တန်ဖိုးရှိဆွမ်းဆန်စိမ်း၊ စားရေးတံမဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းအား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**တပ်ကုန်း နိုဝင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မြို့နယ် MSME အသင်းနှင့် စေတနာရှင်များစုပေါင်း၍ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းအတွက် နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ အနော်ရထာရပ်ကွက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရိထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး မြို့နယ် MSME အသင်းအတွင်းရေးမှူး ဦးခိုင်ဇော်ဝင်းက လှူဒါန်းမှုစာရင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နေပြည်တော် MSME အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ် MSME အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အသင်းဝင်များ၊ စေတနာရှင်များက ရေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းအတွက် တစ်ကျောင်းလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀ သိန်းစီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ် သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**သာပေါင်း နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ သုံးစွဲမှုလျှော့ချရေးအတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်းတို့ကို ယနေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး၌ ဆောင်ရွက်သည်။

သီရိရွှေသာဈေးရှိ ဈေးရောင်းချသူများအနေဖြင့် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူစသည့် သင့်တော်ရာအစားထိုးထုပ်ပိုးသုံးစွဲစေရေး အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်စပီကာများနှင့် ပြည်သူများပါဝင်ဆောင်ရွက်ပေးနိုင်ရေး အသိပညာပေးနှိုးဆော်ပြီး အသုံးပြုသူတွေ့ရှိပါက စီမံဒဏ်ကြေးငွေပေးဆောင်စေကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းသာမြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ချောင်းသာ နိုဝင်ဘာ ၁၇**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံပွဲတော်ကို ယမန်နေ့ည ၇ နာရီက ပြည်လုံးချမ်းသာစေတီရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့ဟိုတယ်ဇုန်အသင်း၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက စေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်ပြီး ရောင်စုံမီးပုံးပျံကြီးများနှင့် ရောင်စုံမီးပုံးပျံငယ်များကို တစ်ပြိုင်တည်း ပျော်ရွှင်စွာ လွှတ်တင်ပူဇော်ကြသည်။

အလားတူ ချောင်းသာမြို့တွင် တန်ဆောင်တိုင်ကာလ အတွင်း စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဆီမီးများ ထွန်းညှိခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွားတုပြုလုပ်တပ်ဆင်ပေး



**ပုသိမ် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွားတုပြုလုပ်တပ်ဆင်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားနုတ်ခြင်း၊ OPG X Ray ဓာတ်မှန်စက်ဖြင့်ရိုက်ကူးစစ်ဆေးခြင်း၊ သွားတုအံကပ်ပုံစံများရယူခြင်း၊ ပြန်လည်ချိန်ညှိခြင်း၊ အတည်ပြုထုတ်လုပ်ခြင်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက ဘိုးဘွားများအား သွားတု၊ အံကပ်များတပ်ဆင်ပေးပြီး ဘိုးဘွားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကာ အားပေးစကား ပြောကြားသည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်းများကို ပုသိမ်မြို့ သီရိဝဏ္ဏဘိုးဘွားရိပ်သာ (ရွှေမြင်တင်)နှင့် စက်တော်ရာဘိုးဘွားရိပ်သာတို့မှ ဘိုးဘွား ၃၅ ဦး၊ ပြင်ပမှ ဘိုးဘွား ၁၂ ဦး စုစုပေါင်း ၄၇ ဦးအား သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီးများက စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒေးဒရဲမြို့သန့်ရှင်းသာယာစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**ဒေးဒရဲ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့ဝင်၊ မြို့ထွက်နေရာများ၊ လမ်းလယ်ကျွန်းများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်**



အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝဏ္ဏထွန်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများက မြို့ဝင်၊ မြို့ထွက်နေရာများတွင် အရိပ်ရအပင်များ၊ အလှပန်းပင်များ စိုက်ပျိုးခြင်း၊ လမ်းလယ်ကျွန်းနှင့် လူသွားလမ်းများအား သစ်လွင်တောက်ပစေရေး ဆေးသုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး ကွန်ကရစ်လမ်းများခင်းကျင်းခြင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်မှုရှိစေရေး ပြည်သူအခြေပြု ကျောင်းအခြေပြု အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

# ရန်ကုန်တောင်ပိုင်းခရိုင်၌ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းသည် ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့်အတူ ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်) ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဦးစွာ ခရိုင်အတွင်းရှိ မြို့နယ်များမှ စာကြည့်တိုက်တာဝန်ခံ ဒုတိယဦးစီးမှူးများအားတွေ့ဆုံ၍ စာကြည့်တိုက်လုပ်ငန်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ စာငှား၊ စာဖတ်စနစ်တကျရှိရေး၊ တိုက်ပိုင်ရေးသွင်းမှုမှန်ကန်ရေး၊ DLMS စနစ်ဖြင့်စာအုပ်များ ငှားရမ်းမှု၊ နည်းလမ်းလေးသွယ်ဖြင့်ရရှိသော စာအုပ်များအခြေအနေ၊ ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်အတွင်း အလင်းရောင်လုံလောက်စွာရရှိရေး အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ခရိုင်ပြည်သူ့စာကြည့်တိုက်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ရုံး၊ မြို့ရုံးတို့၏ စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း အခြေခံရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်



**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲကကြီးမှူး၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းအမှတ်စဉ် (၁)၊(၂)၊(၃)/၂၀၂၄ ကို ၇/အရှေ့ရပ်ကွက်ရှိ ဇိနမာရ်အောင်စေတီတော်ဘုရားဝင်း၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားပေးသည်။

အဆိုပါ သင်တန်းကို သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲမှ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လမ်းညွှန်ချက်နှင့်အညီ ရှေးဦးပြုစုခြင်း အတတ်ပညာများကို အများပြည်သူများ သိရှိတတ်မြောက်ပြီး ဘေးအန္တရာယ်ထိခိုက်ခံစားရသူများအား အကူအညီပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ မြို့နယ်ကြက်ခြေနီအသင်းခွဲရှိ နည်းပြအရာရှိများဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားကြသူများကို ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် သင်တန်းအမှတ်စဉ်(၁)၊(၂)၊(၃)/၂၀၂၄ ကို တစ်ပြိုင်နက်တည်း ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် ရှေးဦးပြုစုခြင်း အခြေခံသဘောတရားများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့သည်။

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းတွင်အမှတ်(၁)၊(၂)၊(၃)အခြေခံပညာအထက်တန်းကျောင်းများမှ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် ပြင်ပမှစိတ်ဝင်စားသူ သင်တန်းသား စုစုပေါင်း ၉၁ ဦးတက်ရောက်သင်ကြားပြီး ဘာသာရပ်အလိုက် ဆန်းစစ်ချက် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**မိုင်းယောင်း နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နံနက်ပိုင်းတွင် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဘဒ္ဒိယအား မိုင်းဖြတ်မြို့ တပ်မတော်ဆေးရုံသို့ ဆေးကုသမှုခံယူရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

**စစ်ဆေး**

ထို့နောက် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ကို စစ်ဆေး၍ အဆိုပါရပ်ကွက်၌ ရှောင်တခင်ညှော့စာရင်းစစ်ဆေးပြီး အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်တို့တွင် FL-12 လိုင်စင်ရ ယစ်မျိုးဆိုင်ကို ဥပဒေနှင့်အညီ ရောင်းချမှု ရှိ/မရှိကို မြို့နယ် Task Force အဖွဲ့နှင့် စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှုအားပေး

ပြည် နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုး ရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် ဧရာဝတီမြစ်အတွင်း ရွှေဘုံသာရေလမ်း ကောင်းမွန်မှုရှိစေရေး သောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကမ်းထိုးရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီမြစ်သည် အဓိကကုန်စည်စီးဆင်းရာ ရေလမ်းကြောင်းတစ်ခုဖြစ်ကာ လုပ်ငန်းခွင်အန္တရာယ်





ကင်းရှင်းရေးနှင့် သတ်မှတ်ရေလမ်းကြောင်းအတိုင်း သွားလာနိုင်ရေး အသိပေးရန်နှင့် တရားမဝင် ကုန်ပစ္စည်းများ သယ်ယူမှုမရှိစေရေး ကြီးကြပ် စစ်ဆေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ ကမ်းနားလမ်း အဆင့်မြှင့် တင်ထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ သည် ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး တစ်ကွင်းတစ်ဆက်တည်း ဧက ၂၀၀၀ စံပြကွက် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ နေကြာနှင့် အစေ့ထုတ် ပြောင်းတို့အား သီးညှပ်ထည့်သွင်းစိုက်ပျိုးသွားရန် နှင့် အခြားမြေလပ်နေရာများတွင် စားဖိုဆောင်သီးနှံ များ တိုးချဲ့စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆိတ္တဲ-ဂျင်းရဲကျွန်း- ကျွန်းကလေး- ကျွန်းမီး ကျေးရွာချင်းဆက်လမ်း နှစ်မိုင် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအနက် ကျန်ရှိသည့် အိမ်ထောင်စုများအား ထောက်ပံ့

မြစ်ကြီးနား နိုဝင်ဘာ ၁၇

ကချင်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် ဇွန် ၃၁ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ဧရာဝတီမြစ်အထက်ပိုင်း တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် စံချိန်တင် မြစ်ရေကြီးမှုဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား စဉ်ဆက်မပြတ် ထောက်ပံ့ပေးခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ရေဘေးသင့်ပြည်သူများအနက် ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စုအတွင်းမှ ကျန်ရှိသည့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လူမှုရေးရာဝန်ကြီးတို့က ဝိုင်းမော်မြို့နယ်အတွင်း ရှိ ရေဘေးသင့်ပြည်သူများအနက် ကျန်ရှိသော နောင်ချိန်းကျေးရွာအုပ်စု ခမ်းဘူ၊ သဲဝိုင်၊ အင်ဂမ်း၊ မလိယန်ကျေးရွာများမှ အိမ်ထောင်စု ၂၈၃ စု၊ လူဦးရေ ၁၃၆၆ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်း ငွေကျပ် ၁၀၆၅၀၀၀၀ တန်ဖိုးရှိ အိမ်ထောင်စု တစ်စု လျှင် ဆန် ၁၂ ပြည်နှုန်းဖြင့် ဆန်အိတ် ၁၄၂ အိတ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါဝင်သည့် Kit ပုံး ၂၈၃ ပုံးအား အိမ်ထောင်စု သုံးစုလျှင် တစ်ပုံးနှုန်းဖြင့် စုစုပေါင်း Kit ပုံး ၉၅ ပုံးကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# တာချီလိတ်မြို့၌ လူငယ်ပရဟိတဂေဟာများရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

တာချီလိတ် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်နေ ဦးတင်နွယ်နှင့်ဇနီး ဒေါ်နန်းခမ်းအောင်(စိုင်းလောဝ်ဟိန်းကုမ္ပဏီ) မိသားစုတို့က ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ သုတ၊ ရသ စာအုပ်စာစောင်များကို ယနေ့နံနက်ပိုင်းက ရွှေတောင်တန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ "မေတ္တာကမ္ဘာ"စာကြည့်တိုက်၊ တာချီလိတ်လူငယ်ပရဟိတဂေဟာရှိ "ပညာအလင်း"စာကြည့်တိုက်နှင့် မြို့နယ်စာရေးဆရာအသင်းရုံးရှိ "နေ့သစ်"ရည်ညွှန်းစာကြည့်တိုက်များသို့ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် အလှူရှင်များကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့မှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းပေးရာ သက်ဆိုင်ရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဝေယံလင်း(တာချီလိတ်)

# ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ဌေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးညီလာခံတက်ရောက်ရန် ကူမင်းမြို့သို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် တရုတ်အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးညီလာခံသို့ တက်ရောက်ရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီ မိနစ် ၂၀ က ရန်ကုန်မြို့မှ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

သတင်းစဉ်

# ညောင်ဦးမြို့နယ်၌ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှု များလာ

ညောင်ဦး နိုဝင်ဘာ ၁၇

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်း မြေအောက်ရေတူးဖော်ကာ ရေသွင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောများ ဈေးနှုန်းကောင်းခြင်းနှင့်အတူ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသူ များလာကြောင်း ဖီးကြမ်းငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။



ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျော စိုက်ပျိုးခြင်းကို တပေါင်းလ၊ တန်ခူးလတို့တွင် စတင်စိုက်ပျိုးကြကြောင်း၊ လက်ပံခြေပေါ်အုပ်စုကျေးရွာများသည် ငှက်ပျော စိုက်ပျိုးကြရာတွင် ဖီးကြမ်းငှက်ပျော တစ်မျိုးတည်းသာ စိုက်ပျိုးကြပြီး ငှက်ပျောပေါ်ချိန်တွင် ဖီးကြမ်းငှက်ပျောသာ ရောင်းအားပိုပြီး ဈေးနှုန်းလည်း ရရှိခြင်းကြောင့် ရခိုင်ငှက်ပျော စိုက်ပျိုးမှု မရှိသလောက်ဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးက ပြောသည်။

ဖီးကြမ်းငှက်ပျော စိုက်ပျိုးရာတွင် တစ်ပင်တစ်ကျင်း စိုက်ပျိုးခြင်း၊ တစ်ကျင်းနှစ်ပင် စိုက်ပျိုးခြင်း၊ ကွက်စိတ်ချ စိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်း စိုက်ပျိုးသည့်သူများက ငှက်ပျောသားတက် မထားကြဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ကြကြောင်း၊ တစ်ကျင်းနှစ်ပင်စိုက်တောင်သူများမှာမူ ငှက်ပျောသားတက် တစ်ပင်တစ်တက်ထားပြီး စိုက်ပျိုးကြကြောင်း သိရသည်။ ငှက်ပျောပေါ်ချိန်သည် စိုက်ပြီး ၁၀ လ၊ ၁၁ လတွင် ပေါ်ကြောင်း၊ ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောများကို ညောင်ဦး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း ပွဲစားများက ငှက်ပျောခြံထိ လာရောက်ဝယ်ယူကြကြောင်း၊ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ အထိ ရောင်းချရကြောင်း သိရသည်။

ဒီပါလင်း

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**



မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သော သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်နေကြလေပြီ။

နှစ်စဉ်ကျရောက်လေ့ရှိသော နတ်တော်လဆန်း ၁ ရက်နေ့ကို **“အမျိုးသားစာဆိုတော်နေ့”**အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့ရာ ယခု ၁၃၈၆ ခုနှစ်တွင် အကြိမ် (၈၀)မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်ကြသောစာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ချီးမြှင့်ခဲ့ကြကာ ဂုဏ်ပြုအမွှမ်းတင်ခဲ့ကြသည်။ စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေဖြစ်သဖြင့် အမျိုးသားယဉ်ကျေးမှုအမွေစာပေကို ပြုစုရေးသား လက်ဆင့်ကမ်းခဲ့ကြသော စာပေပညာရှင်ကြီးများကို စာဆိုတော်နေ့တိုင်းတွင် အမြဲတမ်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြပါသည်။

**အမြင့်ဆုံးစာပေဆု**

ယနေ့ခေတ်ကာလ အခါသမယမှာလည်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အမြင့်ဆုံးစာပေဆုဖြစ်သော **“အမျိုးသားစာပေတစ်သက်တာစာပေဆု ”** ပေးအပ်ချီးမြှင့်ပွဲအပြင် **“အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု”**ကိုပါ ပေးအပ်ချီးမြှင့်နေခဲ့ရာ စာပေလောကသားအားလုံးအတွက် မင်္ဂလာအခါတော်နေ့ထူးနေ့မြတ် ဖြစ်နေပါသည်။

စာဆိုတော်နေ့ဝန်းကျင်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ စိမ်းလန်းရွှေပြည်စာပေဆု၊ ရွှေအမြုတေစာပေဆုများအပြင် ဓမ္မစာပေဆုများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အထိမ်းအမှတ်စာပေဆုများ၊ ဂျပန်ရှုန်တီ ကလေးစာပေဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာစာပေလောကသားတို့၏ **“စာဆိုတော်နေ့”**သည် သုတရသစာပေရေးရာအဖြာဖြာရေးသားခဲ့ကြသည့် စာရေးဆရာကြီး စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း၏ သမ္မတကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်ကြီးများ၊ စွန့်ဦးတီထွင်စွမ်းအားရှင်ကြီးများ ဖြစ်နိုင်ကြသော်လည်း စာရေးဆရာစစ်စစ်၊ သတင်းစာဆရာစစ်စစ်၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ်ဖြစ်နိုင်ခြေကား အလွန်ပင်ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီး၊ ငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ်အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာ မော်ကွန်းတင်ရာ **“စာဆိုတော်နေ့”** ကိုကား စာပေပညာရှင်စစ်စစ် စာပေလောကသားတိုင်းက ချစ်ခင်နှစ်သက်၊ စွဲမက်အားထား လေးစားဂုဏ်ပြုနေကြပါသည်။

ဤသည်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက မမေ့မလျော့သောအသိ၊ သတိဖြင့် စာပေတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့ကြသော **“နှလုံးရည်တပ်သားသူရဲကောင်းသက်ကြီးစာပေပညာရှင်ကြီးများ”**ကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် (၃၇)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် (၃၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကျင်းပခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါကိုဗစ်ကြောင့် မလွှဲရှောင်သာဘဲ နှစ်နှစ်ရပ်နားနေခဲ့ရပါသည်။

ပထမအကြိမ်စတင်ပူဇော်ကန်တော့ခဲ့သည့်အဖွဲ့က **“မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး”** ဖြစ်ပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ ဦးဆောင်သူ၊ ရှေးဦးပြုစုပျိုးထောင်သူမှာ **“ဆရာကြီး မင်းသုဝဏ်”**ဖြစ်ပါသည်။ ဆရာကြီးဦးဝန် (မင်းသုဝဏ်)ဥက္ကဋ္ဌ၊ ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး) အတွင်းရေးမှူးအဖြစ်ပါဝင်သော “စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ”သည် ၁-၁၂-၁၉၆၆ ရက်နေ့မှ ၃၁-၅-၁၉၇၆ ရက်နေ့အထိ ၁၀ နှစ်ကျော် လှုပ်ရှားကြိုးစားခဲ့ကြပါသည်။

ထို့နောက် **“စာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်မတီ”**ကို ၁-၆-၁၉၇၆ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် **“မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့”**ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်းတွင် “စာပေလုပ်သားအဖွဲ့” အစား “စာပေနှင့်စာနယ်ဇင်းအဖွဲ့”ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ခေတ်စနစ်နှင့်အညီ ၂၀၁၂ ခုနှစ်တွင် **“မြန်မာနိုင်ငံ စာရေးဆရာအသင်း”**အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

ပြောင်းလဲဖွဲ့စည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်ဆည်းခဲ့ကြပြီးမှ အမည်နာမ ပြောင်းလဲသတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။ တကယ်တော့ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အစမြစ်ဖျားခံရာသည် **“မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး”** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **“ဆရာကြီး မင်းသုဝဏ် ပျိုးထောင်ပေးခဲ့သော စာပေလုပ်သားအဖွဲ့ကြီး၏ မျိုးဆက်သစ်မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး”**၏ သက်တမ်းမှာ ၅၈ နှစ်ခန့် သက်တမ်းရှည်ကြာခဲ့လေပြီ။

**နှစ် ၈၀ သက်တမ်း စိန်ရတုခရီး**

ဤနေရာတွင် **“မြန်မာနိုင်ငံ စာရေးဆရာအသင်း၏သက်တမ်း”** ကိုခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ကြည့်ပါကလွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော **“မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး” (ပထမပိုင်း)** ၁၉၄၀ မှ ၁၉၆၂ အထိ ၂၂နှစ်၊ **(ဒုတိယပိုင်း)** ၁၉၆၆ မှ ၂၀၂၄ အထိ ၅၈ နှစ် စုစုပေါင်း နှစ် ၈၀ သက်တမ်း စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက်ကောင်းမွန်လာခဲ့လေပြီ။

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး၏ အစဉ်အလာကောင်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက ဆက်လက်ထိန်းကျောင်းသည့် အနေဖြင့် **“အသက် ၈၀ နှစ်နှင့် ၈၀ နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ”**ကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပနေခဲ့ပါသည်။ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးက ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ တနိုင်တပူဇော်ကန်တော့ခဲ့ရာ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၇ ခုနှစ်အထိ ရှစ်ကြိမ်တိတိ ပူဇော်ကန်တော့ခံပါသည်။

ထိုသို့ပူဇော်ကန်တော့နေခဲ့ရာမှ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် ရပ်တန့်သွားခဲ့ရပါသည်။ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးကိုလည်း ခေတ်စနစ်နှင့်လျော်ညီစွာ **“မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး”**အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရပါသည်။ ထို့ကြောင့်သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ခြောက်နှစ်တိတိ မကျင်းပနိုင်ခဲ့ဘဲ စာပေလုပ်သားများကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအဖြစ်သို့ ပြန်လည်စုစည်းရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ကြရပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခါစ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးရှိအဖွဲ့ဝင် သက်ကြီးစာပေပညာရှင်ကြီးများနှင့် ထင်ရှားကျော်ကြားသော သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ခဲ့ရာ ယနေ့အထိ နှစ်စဉ်မပျက်ဆက်တိုက်ဦးခိုက် ပူဇော်ကန်တော့လျက်ပင်ရှိပါသည်။

**သက်ကြီးကန်တော့ခံ ၂၄၅ ဦးအထိ ရှိလာခဲ့**

သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲစတင်ခါစက ၁၀ ဦးသာရှိခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ်တိုးပွားများပြားလာခဲ့ရာ ၁၉၉၉ ခုနှစ်တွင် ၁၀၈ ဦးအထိ ရှိလာခဲ့ပါသည်။ နှစ်စဉ် ဦးရေ ၂၀ ကျော် တိုးပွားလာခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ဦး ၃၀ ကျော်အထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ ၂၀၀ အထိ ရှိလာပါသည်။ **စာမျက်နှာ ၁၁ သို့** ❂

❖ **ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်ကြသောစာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဂုဏ်ပြုအမွှမ်းတင်ခဲ့ကြသည်။ စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေဖြစ်သဖြင့် အမျိုးသားယဉ်ကျေးမှုအမွေစာပေကို ပြုစုရေးသား လက်ဆင့်ကမ်းခဲ့ကြသော စာပေပညာရှင်ကြီးများကို စာဆိုတော်နေ့တိုင်းတွင် အမြဲတမ်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြ**

❖ **ဤနေရာတွင် “မြန်မာနိုင်ငံ စာရေးဆရာအသင်း၏သက်တမ်း” ကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သော “မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး” (ပထမပိုင်း) ၁၉၄၀ မှ ၁၉၆၂ အထိ ၂၂နှစ်၊ (ဒုတိယပိုင်း) ၁၉၆၆ မှ ၂၀၂၄ အထိ ၅၈ နှစ် စုစုပေါင်း နှစ် ၈၀ သက်တမ်း စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက်ကောင်းမွန်လာခဲ့**



## ကုန်းတော်ကြီးမင်္ဂလာစေတီ၌ အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ ကုန်းတော်ကြီးမင်္ဂလာစေတီဘုရားကြီးတွင် (၂၉) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက အဆိုပါဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ မြသိန်းတန်ကျောင်းဆရာတော် ဘဒ္ဒန္တသာသနက နတ်များကို ပင့်ဖိတ်၍ သီရိမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တ သီရိနန္ဒက သီလပေးတရားတော် ဟောကြားတော်မူသည်။ ကုန်းတော်ကြီးမင်္ဂလာစေတီဘုရား ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ အဆိုပါ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်အထိ ခုနစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (နိုဝင်ဘာ ၂၃ ရက်) မွန်းလွဲ ၂ နာရီတွင် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ပင့်သံဃာတော်များအား ဆွမ်းသပိတ်လုံး လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ဟသ္သာတမြို့ ပဒေသာဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ဟသ္သာတ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် ဥယျာဉ်မြောက်ရပ်ကွက်ရှိ ပဒေသာဈေးကြီးတွင် ယနေ့နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ ပြုလုပ်သည်။



အဆိုပါ ဇာတ်တိုက်သရုပ်ပြပွဲ၌ မြို့နယ်မီးသတ်ဦးစီးမှူးက ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးသတ်ဆေးဘူးအသုံးပြုရမည့်နည်းလမ်းများကို ရှင်းလင်းပြသသည်။ ထို့အပြင် မီးသတ်တပ်ဖွဲ့ဝင်များဦးဆောင်ကာ စည်ပင်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရေစိုအဝတ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ရေသယ်ယာဉ်ဖြင့် ပက်ဖျန်းငြိမ်းသတ်ဆောင်ရွက်ခြင်းများကို လေ့ကျင့်သရုပ်ပြခဲ့ရာ ဟသ္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်ဦးခရိုင် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုးနှင့် သောက်ရေသန့်ကတ်များ လှူဒါန်း

ညောင်ဦး နိုဝင်ဘာ ၁၇

မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးသို့ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အောက်ဆီဂျင်အိုးနှင့် သောက်ရေသန့်ကတ်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



အဆိုပါ လှူဒါန်းခြင်းကို လှိုင်လင်ခရိုင် လဲချားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်ဇနီး ဒေါ်ဇာဇာဝင့် မိသားစုက လှူဒါန်းခြင်းဖြစ်ကြောင်း၊ နံနက်ပိုင်းတွင် ကျန်စစ်သားဥမင်စာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ညောင်ဦးခရိုင် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး တစ်လုံးနှင့် ရေသန့်ကတ် ၄၀ တို့ကို ပေးအပ်လှူဒါန်းရာ ညောင်ဦးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်မြင့်ထွန်း၊ နှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၀ မှ

ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများထဲမှ နှစ်စဉ် ဦးရေ ၂၀ ခန့် ကွယ်လွန်သွားကြသော်လည်း အသက် ၈၀ ထဲ ဝင်ရောက်လာကြသူများက ဦးရေ ၂၀ ကျော်ရှိနေခဲ့ရာ တစ်နှစ်ထက်တစ်နှစ် အရေအတွက်များလာမှာ သေချာနေပါသည်။ ၂၀၁၆ ခုနှစ်က ၁၈ ဦး ကွယ်လွန်သွားခဲ့ကြပြီး ၃၄ ဦး တိုးလာခဲ့ပါသည်။၂၀၁၇ ခုနှစ် တွင် ၁၃ ဦး ကွယ်လွန်သွားခဲ့ပြီး ၂၇ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ၂၄ ဦး ကွယ်လွန်ခဲ့ကြပြီး ၅၃ ဦးတိုးလာခဲ့ရာ သက်ကြီးကန်တော့ခံ ၂၄၅ ဦး အထိ ရှိလာခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ၁၃ ဦးကွယ်လွန်သွားခဲ့ကြပြီး ၄၆ ဦးတိုးလာခဲ့ရာ ကန်တော့ခံစာပေပညာရှင်ကြီး ၂၇၆ ဦးအထိ ရှိလာခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်နှင့် ၂၀၂၂ ခုနှစ် အတွင်းတွင် ကန်တော့ခံစာပေပညာရှင်ကြီး ၉၄ ဦး ကွယ်လွန်သွားခဲ့ကြပါသည်။ ၂၀၂၂ ခုနှစ်တွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၂၄၆ ဦးခန့် ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၅ ဦး ကွယ်လွန်သွားခဲ့ပြီး ၅၅ ဦး တိုးပွားလာခဲ့ရာ ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၇၆ ဦးခန့် ရှိခဲ့ပါသည်။ ယခု ၂၀၂၄ ခုနှစ်တွင် သက်ကြီးစာပေပညာရှင် ဦးရေ ၃၀ ကွယ်လွန်သွားခဲ့ပြီး လေးဦးကင်းကွာနေခဲ့ပါသည်။ အသစ် ၃၄ ဦး တိုးပွားလာသဖြင့် ကန်တော့ခံ ၂၇၆ ဦး ရှိနေပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်(၂၀၁၁ ခုနှစ်) အထိ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပူဇော်ကန်တော့ခဲ့ပြီး ၁၃၇၄ ခုနှစ် (၂၀၁၂ ခုနှစ်)မှ စတင်၍ ယခုနှစ်အထိ မြန်မာနိုင်ငံစာရေးဆရာအသင်းက စဉ်ဆက်မပြတ်ဆက်လက်၍ ပူဇော်ကန်တော့ခဲ့ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက ရှစ်ကြိမ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက (၁၈) ကြိမ်၊ စာရေးဆရာအသင်းကြီးက ယခုနှစ်အပါအဝင် (၁၁)ကြိမ် စုစုပေါင်း (၃၇) ကြိမ် ရှိပေတော့မည်။ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းဟူ၍ အဖွဲ့အစည်းအမည်များကို ခေတ်စနစ်အခြေအနေအရ ပြောင်းလဲလာခဲ့ရသော်လည်း အသွင်သဏ္ဌာန်နှင့် အနှစ်သာရရော ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များပါ အတူတူပင်ဖြစ်သည်။

### အသက်အကြီးဆုံး ကန်တော့ခံစာပေပညာရှင်ကြီးများ

ယခုနှစ်ကန်တော့ခံကြမည့် သက်ကြီးစာပေပညာရှင်ကြီးများထဲတွင် အသက်အကြီးဆုံး ကန်တော့ခံစာပေပညာရှင်ကြီးမှာ အမျိုးသားစာပေတစ်သက်တာစာပေဆုရ အလင်္ကာကျော်စွာ ဦးလေးမြိုင် (လေးမြိုင်) (၁၀၁)နှစ်ဖြစ်ပြီး သက်ကြီးသတင်းစာဆရာကြီးမှာ ဦးဆိုက်ကျင် (၁၀၅)နှစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် သက်ကြီးစာပေပညာရှင်ကြီးများကို အစဉ်အလာမပျက် နှစ်စဉ်ဆက်လက်ပူဇော်ကန်တော့နေရာ၌ အသင်းကြီးမှာ ရန်ပုံငွေ(တစ်နည်းအားဖြင့်)ဘဏ္ဍာငွေ တောင့်တင်းနေသောကြောင့် မဟုတ်ပါ။ သက်ကြီးစာပေပညာရှင်ကြီးများသည် နိုင်ငံနှင့်လူမျိုးအကျိုးကို တတ်ကျွမ်းသည့်စာပေဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော နှလုံးရည်တပ်သားကောင်းများ ဖြစ်ခဲ့ကြသည့်အပြင် ဂုဏ်နှင့်အသက်အရွယ်အားဖြင့် ကြီးမြတ်သူများအဖြစ် ရည်မျှော်ကော်ရော်ကာ ပူဇော်ကန်တော့နေကြခြင်းဖြစ်သည်။

စီးပွားရေးအသင်းအဖွဲ့ မဟုတ်သောကြောင့် ဘဏ္ဍာငွေအင်အားနည်းနေသည်ဖြစ်ရာ ပူဇော်ကန်တော့ရန်အတွက် ငွေသားအလှူရှင်များနှင့် ပစ္စည်းအလှူရှင်များထံမှ နှစ်စဉ်မေတ္တာရပ်ခံပြီး ဖြည့်ဆည်းကန်တော့နေကြရပါသည်။ နိုင်ငံတော်၏ အမြင့်ဆုံးအဆင့်မှသည် ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကစာပေဆုချီးမြှင့်ရေးကော်မတီများ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ သတင်းမီဒီယာကောင်စီ၊ ညီနောင်အသင်းအဖွဲ့များ၊ မြို့နယ်စာရေးဆရာအသင်းများ၊ ကုမ္ပဏီများ၊စာပေတိုက်များ၊တစ်ဦးချင်းစေတနာရှင်များ၏ လှူဒါန်းငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့နေခဲ့ရာ၌ စာရေးဆရာအသင်းက လိုအပ်ငွေ လေးပုံတစ်ပုံခန့်ကို နှစ်စဉ်စိုက်ထုတ်သုံးစွဲ ကုန်ကျနေခဲ့ပါသည်။

စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကို အခြေခံပြီး စာရေးဆရာအသင်းက ဖြည့်ဆည်းနိုင်သည့်ငွေပမာဏကိုတွက်ဆကာ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများကို ထိုက်သင့်အားလျော်စွာ ကန်တော့နိုင်ရန် စီမံခန့်ခွဲကြရပါသည်။ ထို့ကြောင့် အသက်(၈၀)နှစ်အထက် အသင်းဝင်တိုင်းကို စေတနာထားကာ ပူဇော်ကန်တော့ချင်ပါသော်လည်း ဝန်နှင့်အားကမမျှသောကြောင့် အားမသန်၍ မာန်လျှော့နေခဲ့ကြရပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းက သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာတွင် **"သက်ကြီးစာပေပညာရှင်ဟူသော စာပေစံ၊ အခြေခံမူများ"**ကို သတ်မှတ်ကာ အစဉ်အလာ၊စာပေဝါ၊သမ္ဘာ၊စာပေဂုဏ်သိက္ခာရှိကြသူများကို မူဘောင်နှင့်အညီ စိစစ်ရွေးချယ်ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။

### စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိစာအုပ်များ

ထိုသို့ စိစစ်ရွေးချယ် ပူဇော်ကန်တော့ခဲ့ရာတွင် ပါတီစွဲ၊ ဂိုဏ်းစွဲ၊ အဖွဲ့စွဲများနှင့် နိုင်ငံရေးအယူအဆအမျိုးမျိုးကို ဥပေက္ခာပြုလျစ်လျူရှုကာ စာပေလောကသားအားလုံး၏ အကျိုးအတွက် စွမ်းဆောင်နိုင်သမျှ အကျိုးပြုပူဇော်ကန်တော့နေခြင်း ဖြစ်ပါသည်။ ဤသည်ကို နှစ်စဉ်ကန်တော့ခံခဲ့ကြရသည့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိစာအုပ်များက ခိုင်မာစွာသက်သေခံနေကြပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် ကန်တော့ခံစာပေပညာရှင်ကြီးများ စာရင်းကို မြို့နယ်အသင်းများသို့ နှစ်စဉ်တောင်းခံပြုစုခဲ့ရာတွင် **"သက်ကြီးစာပေပညာရှင်ဟူသော စာပေစံအခြေခံမူများ"** နှင့်ကိုက်ညီသူများကိုသာ ပေးပို့ကြရန်နှင့် **"အသင်းဝင်သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့နေခြင်းမဟုတ်ကြောင်း"** အမြဲတမ်းကြိုတင်ရှင်းလင်းနေခဲ့ပါသည်။ သို့သော် သတ်မှတ်စာပေစံအခြေခံမူများနှင့် မကိုက်ညီသဖြင့် ရွေးချယ်ခြင်းမခံရသူအချို့က တစ်ဖက်သတ်အဆိုးမြင်ပြီး ငြိုငြင်ပြစ်တင်ကြလေ့ရှိပါသည်။ အချို့ကလည်း ကန်တော့ခံအသစ်များကို စိစစ်ရွေးချယ်ပြီးမှ ဆက်သွယ်လာခဲ့ရာ မလွှဲမရှောင်သာဘဲချန်လှပ်ထားခဲ့ရသည်များလည်းရှိခဲ့ပါသည်။ အချို့ကလည်း အသင်းကသတ်မှတ်ထားသော စာပေစံအခြေခံမူများကို လုံးဝမသိဘဲ ဝါးလုံးရှည်ဖြင့် ရမ်းကားပြစ်မှားနေကြပါသည်။ သည်ကြားထဲ အသင်းဝင်မဟုတ်သူအချို့ကလည်း ယိုသူမရှက် မြင်သူရှက်ဖွယ်ကောင်းအောင် ဒေါင်းယောင်ဆောင်ပြနေကြပါသည်။ စပျစ်သီးချဉ်နေကြပါသည်။ **"အများအကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏"**ဟူသော လင်္ကာကဲ့သို့ပင် ကိုယ့်လိုဘမပြည့်ရသူများ၏ အမုန်းဒဏ်ကို နှစ်စဉ်ခံနေခဲ့ကြရပါသည်။

**"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"** ဟူသော **"စစ်ကိုင်းရွှေဟသ်ာ ဆရာတော်ဘုရားကြီး"**၏ သြဝါဒကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်မပျက် ဆက်လက်ပူဇော်ကန်တော့ခဲ့ရာ အောင်မြင်တိုးတက်မှုရှိခဲ့ပြီး (၃၇)ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ယခု(၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ ယခင်နှစ်များသကဲ့သို့ စာပေလောကသားများစုံညီစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၂၇၆ ဦး အတွက် ထက်သန်သော စေတနာမွန်ဖြင့် အလှူငွေများနှင့် ကန်တော့ဖွယ်ရာပစ္စည်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ကန်တော့ပွဲအခမ်းအနားသို့ ဝမ်းပန်းတသာ သဒ္ဓါကြည်ညိုစွာဖြင့် တက်ရောက်ကုသိုလ်ယူကြပါရန် ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှင် နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှင်မြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချိတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaign အဖွဲ့ ပလတ်စတစ်ကောက်

ညောင်ဦး နိုဝင်ဘာ ၁၇

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေးအပတ်စဉ် ပလတ်စတစ် ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့က ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ယမန်နေ့နံနက် ၇ နာရီက ဆာကူရာမီးပွိုင့်မှစတင်၍ ပုဂံမြို့သစ်သွားကားလမ်းမှ စိမ်းညက်ညီမဘုရားအထိ ဘေးဝဲ/ယာတစ်လျှောက် ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများ ကောက်ယူသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။



မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်း ပလတ်စတစ်အမှိုက် ကင်းစင်စေရေးအတွက် Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများက ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ဆာကူရာလမ်းဆုံမှ စိမ်းညက်ညီမ ဘုရားအထိ လမ်းဘေးဝဲ/ယာတစ်လျှောက်နှင့် ရေကျော်များအောက် လျှိုမြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများ ကောက်ယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖



## မြဝတီမြို့၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

မြဝတီ နိုဝင်ဘာ ၁၇

နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုအဖြစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၏ ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်ပညာရေးမှူး(ပညာ) ဦးဇေယျာအောင်က ကြီးကြပ်ပေးကာ အမှတ်ပေးဒိုင်အဖွဲ့ ဆရာ ဆရာမများက ပြိုင်ပွဲစည်းကမ်းများ ဖတ်ကြားပေးပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

အထက်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် "အမျိုးသားရေး စိတ်ဓာတ်နှင့် ကျွန်ုပ်တာဝန်"ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် "အမျိုးသားဂုဏ်ရောင်၊ လတန်ဆောင်"ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် "လူငယ်နှင့် နိုင်ငံအနာဂတ်" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "အမျိုးသားအောင်ပွဲ၊ တို့ဆင်နွှဲ"ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "အမျိုးသားနေ့၊ တို့မမေ့"ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲ၌ဆုရရှိသူများကို မြို့နယ်ပညာရေးစုံညီပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ထိုသို့ပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် ကျောင်းသားကျောင်းသူများသည် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကိုသိရှိပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝစဉ် နိုးကြားတတ်ကြွနေစေရန် ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

## သာကေတမြို့နယ် အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် ဇမ္ဗူသီရိလမ်းမကြီးရှိ အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်း၌ ဓမ္မရောင်ခြည်ဓမ္မဖောင်ဒေးရှင်းက ကြီးမှူး၍ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းမှ ဆရာ ဆရာမများက အပတ်စဉ် စနေနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီထိ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသို့ အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀ တက်ရောက်သင်ကြားခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းသို့တက်ရောက်သော ကျောင်းသားကျောင်းသူများကို ၆/အနောက်ရပ်ကွက်နေ ဦးအောင်အောင် (Lucky Home)+ဒေါ်ဆုဖြိုးအောင် မိသားစုက အာဟာရများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည်လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက် ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

# အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၌ ဘက်စုံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးပေးသည့်ကြေညာချက်တစ်ရပ် ချမှတ်

**လီမာ နိုဝင်ဘာ ၁၇**

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်မှ ခေါင်းဆောင်များသည် ဘက်စုံပူးပေါင်း ဆောင်ရွက်မှု၏ အရေးပါမှုကို အလေးပေးသည့် ကြေညာချက်တစ်ရပ်ကို ချမှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုပွဲ မတိုင်ခင် “အမေရိကန် သည်သာ ပထမ” ဟူသည့်မူဝါဒနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်လျက်ရှိစဉ် ယခုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။




အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ထိပ်သီးအစည်းအဝေးကို ပီရူးနိုင်ငံ လီမာမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည်။

နိုင်ငံပေါင်း ၂၁ နိုင်ငံ ခေါင်းဆောင်များက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် ရာထူးတာဝန်များ စတင်ထမ်းဆောင်မည်ဖြစ်သည်။ ခေါင်းဆောင်များက ဒေါ်နယ်ထရမ့်၏မူဝါဒ ကြီးထွားလာမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အာရှ-ပစိဖိတ်နိုင်ငံများသည် ပထဝီဝင်နိုင်ငံရေး၊ တစ်ဖက်သတ်ဝါဒနှင့် ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးထားသော စီးပွားရေးမူဝါဒတို့ကဲ့သို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

လျင်မြန်သောအပြောင်းအလဲများကို တုံ့ပြန်ရန်အတွက် ဘက်စုံပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်းနှင့် လွတ်လပ်ပွင့်လင်းပြီး ကြိုတင်မှန်းဆနိုင်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် အရေးပါကြောင်း အဆိုပါ ကြေညာချက်တွင် အလေးပေးဖော်ပြသည်။

အဆိုပါ ကြေညာချက်သည် သာယာဝပြောသော၊ ငြိမ်းချမ်းပြီး ခံနိုင်ရည်ရှိသော အာရှ-ပစိဖိတ် အသိုက်အဝန်းကို တည်ဆောက်ရန်နှင့် ဖိုရမ်၏ မျှော်မှန်းချက်နှင့်အညီ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ ပြည်သူများ အကျိုးခံစားနိုင်စေရန် ဖြစ်ကြောင်း အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဥက္ကဋ္ဌ ပီရူးသမ္မတ ဒိုင်နာဘော်လူရာတီက ပြောသည်။

လာမည့်နှစ် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသည်။ တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကမ္ဘောဒီးယား ရိုးရာရေသဘင်ပွဲတော်အတွင်း ပြည်သူ ၆ ဒသမ ၂ သန်းကျော် ပါဝင်ဆင်နွှဲ

**ဖနောင်ပင် နိုဝင်ဘာ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၏ သုံးရက်တာ ရိုးရာရေသဘင်ပွဲတော်အတွင်း ပြည်သူ ၆ ဒသမ ၂ သန်းကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ရေသဘင်ပွဲတော်သည် အရှေ့တောင်အာရှနိုင်ငံများတွင် ပျော်ရွှင်စရာအကောင်းဆုံး ပွဲတော်များအနက် တစ်ခုဖြစ်သည်။ နိုင်ငံတစ်ဝန်းမှ ပြည်သူများသည် ရေသဘင်ပွဲတော်၏ အထင်ကရတစ်ခုဖြစ်သည့် လှေပြိုင်ပွဲကျင်းပရာ မြို့တော်၏မြစ်ကမ်းနားသို့ လာရောက်ကြည့်ရှုခဲ့သည်။

ပွဲတော်ရက်အတွင်း ပြည်တွင်းခရီးသွား ၆ ဒသမ ၂ သန်းခန့်နှင့် နိုင်ငံခြားသားခရီးသွား ၅၂၄၉၈ ဦး လာရောက်ခဲ့ကြောင်းခရီးသွားလာရေးဝန်ကြီးဌာနက ပြောသည်။

ရေသဘင်ပွဲတော်ကို နိုင်ငံ၏ ထူးခြားသော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းလျက် ပျော်ရွှင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် လွန်စွာဝမ်းမြောက်ကြည်နူးမိပါကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

ပွဲတော်အတွင်း ပါဝင်ဆင်နွှဲသူအားလုံး၏ လုံခြုံဘေးကင်းရေးနှင့် အများပြည်သူဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်အတွက် ပံ့ပိုးကူညီပေးသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ၎င်း၏ အင်တာနက်စာမျက်နှာတွင် ရေးသားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ၇၃ သန်းတန်ဖိုးရှိ စီမံကိန်း ၂၇ ခု အကောင်အထည်ဖော်ဆောင်မည်

**ကဘူး နိုဝင်ဘာ ၁၇**

အာဖဂန်အိမ်စောင့်အစိုးရ၏ အမျိုးသားစီမံကိန်းကော်မရှင်သည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်ဒေါ်လာ ၇၃ သန်းတန်ဖိုးရှိ စီမံကိန်း ၂၇ ခုကို ယမန်နေ့က အတည်ပြုခဲ့ကြောင်း စီးပွားရေးဆိုင်ရာ ယာယီလက်ထောက်ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။


အဆိုပါ ပရောဂျက်များတွင် ရေကာတာစီမံကိန်းတစ်ခု၊ လူနေတိုက်ခန်းများဆောက်လုပ်ရေးစီမံကိန်း၊ လမ်းမကြီးများတည်ဆောက်ရေးစီမံကိန်းနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစီမံကိန်းများပါဝင်သည်။ အဆိုပါစီမံကိန်းများကို မြို့တော် ကဘူးနှင့် ပြည်နယ်အများအပြား၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး**

ယင်းစီမံကိန်းများသည် ပြည်သူထောင်ပေါင်းများစွာကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်သည်။

စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် အာဖဂန်အိမ်စောင့်အစိုးရက ၎င်း၏ ပြည်တွင်းဘတ်ဂျက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၉၆ ဦးထက်မနည်း သေဆုံး

**ဂါဇာစီးတီး နိုဝင်ဘာ ၁၇**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၉၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့က ယနေ့ ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဘိတ်လာဟီးယားမြို့ရှိ လူနေအဆောက်အအုံအများအပြားကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက လေကြောင်းတိုက်ခိုက်ခဲ့ရာ လူပေါင်း ၇၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

အလားတူ နူဆီးရတ်နှင့် အယ်လ်ဘူရိဂျ်စခန်းများတွင် နောက်ထပ်တိုက်ခိုက်မှုများကြောင့် လူ ၂၄ ဦး သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုများကြောင့် လူ ၆၀ ခန့် ဒဏ်ရာရခဲ့ပြီး ၁၅ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်းလည်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များ ပစ်မှတ်ထားသော အဆောက်အအုံများတွင် အိုးမဲ့အိမ်မဲ့ အရပ်သား ဒါဇင်ပေါင်းများစွာ ခိုလှုံနေကြပြီး အများစုမှာ ကလေးများနှင့် အမျိုးသမီးများဖြစ်သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့ဝင်များက မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူဦးရေမှာ ၄၃၇၉၉ ဦးရှိကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့် အထက်အငှားယာဉ်များအား ယာဉ် စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

■

## တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

နိုဝင်ဘာ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၇၄၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နိုဝင်ဘာ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု နဝဒေးတံတားစစ်ဆေးရေးဂိတ်၌ ပြည်မြို့မှ ပန်းတောင်းမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားမဝင်ရေနံစိမ်းအနှစ် ဂါလန် ၃၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၈၈၈၀၀)နှင့် အဆိုပါရေနံစိမ်းများတင်ဆောင်လာသည့် Nissan Diesel ဆီသယ်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၁၂ တန်၊ သစ်မာ ၈ ဒသမ ၇၀၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၄၀၅၆) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၈၁၂၈၅၆ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၃၀၂၅၆)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများနှင့် တရားမဝင် သယ်ဆောင်မှုများကြောင့် ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ အရည်အသွေးမပြည့်ဝသည့် ကုန်စည်များကြောင့် စားသုံးသူပြည်သူများအတွက် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်း တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၁-၂၀၂၄ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှျင်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နှင်းပြူတောင်ခိုးတို့ဆေးခြယ်
- ၀၉:၁၅ မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား မိရိုးဖလာရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးအာမခံစနစ် ဖွံ့ဖြိုးတိုးတက်ရေး
- ၁၀:၃၀ ပြုံးပျော်ဆင်နွှဲ တစ်ကုန်းမြို့ရဲ့ တန်ဆောင်တိုင်ပွဲ
- ၁၁:၂၅ ဘဝနှင့်အနုပညာ 'လက်တွေ့ဘဝထဲက တစ်ဒါကဒီပ်မက်များ' 'ဒါရိုက်တာအကယ်ဒမီဩရသ' (အပိုင်း-၁)
- ၁၃:၃၀ MRTV National News
- ၁၅:၂၅ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
- ၁၆:၄၅ ချစ်စရာအရွယ် ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ This Week's Special Interest
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၆)
- ၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myanma Panorama and Myanma Sentiment
- 07:07 Travelogue: Ngwe Saung Beach
- 07:29 Bagan Lacquerware
- 07:43 Nutitious Avocado Foods
- 08:01 News
- 08:26 Asia Updates: Transforming Surgery With Japan's First Surgical Robot
- 09:01 Nature's Progeny Town: December Garden
- 09:25 Broom Making Business
- 09:37 Danu Food: Tofu Dish
- 09:45 Aye Aye Soe: Myanma Pioneer Female Bodybuilder
- 10:01 News
- 10:26 Topical Topics: Padonma Lotus Robe
- 10:40 Listening Pleasure, Instrumental Music Xylophone Solo Show

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဝရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ခရူးရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ ခရီးတစ်ခေါက်

**ဝကေကာကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ရိုးရာကြက်သားသုပ်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
စွန့်ပစ်ငှက်ပျောမှ တန်ဖိုးမြင့်လူသုံးကုန် လက်မှုထည်များဆီသို့

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဘားအံမြို့နယ်မှ ခရီးစဉ်အသစ်သဘာဝရေ လိုဏ်ဂူတောင်

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ချင်း(ချိုး)ဝတ်စားဆင်ယဉ်မှုများ(အပိုင်း-၂)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရာမည်မြေမှ အလှတရားများ(အပိုင်း-၃)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
မျိုးဝုဏ်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၃)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Weekly Selected News
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

- ၁၇:၀၅ အဖွင့်၊ အလံ
- ၁၇:၀၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၁၇:၀၅ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- ၁၇:၀၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
- ၁၇:၀၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၈)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ သုတပဒေသာစိုက်ပျိုးနည်းပညာ 'စီးပွားဖြစ်ကာစိတ်ချမ်းသာစေကော်ဖီစိုက်ပျိုးပါ'
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Tips & Tricks
- ၁၈:၃၅ Planet.Earth.II.6of6.Cities
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ သံပင်အတုနဲ့မေခင်ဂျပု(ဇာတ်လမ်း)
- ၂၂:၀၀ Thirteen Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Wekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။



# ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ပုဂံညောင်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်

ညောင်ဦး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများ သန့်ရှင်းသာယာ လှပစေရန်နှင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူများ ဘုရားစုံနေရာအနှံ့သွားရောက်ပြီး စိတ်အေးချမ်းစွာ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ပုဂံမြို့ဟောင်းရှိ ဘုရားအမှတ် (၃၁၃၉) စေတီသို့ သွားရောကပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ ဝေမျှခြင်းပရဟိတအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

ထိုသို့ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတ အဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ဟိန်း၏ ဦးဆောင်မှုဖြင့် ပရဟိတအဖွဲ့ဝင်များက ပုဂံမြို့ဟောင်းရှိ ဘုရားဖူးခရီးသွားဧည့်သည် သွားရောက်လည်ပတ်မှုနည်းသော ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက်ကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည်။ နိုဝင်ဘာ ၁၆ ရက်တွင် ပုဂံမြို့ဟောင်းရှိ ဘုရားစေတီ အဆူ ၃၀ အား သန့်ရှင်းရေး ပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတ အဖွဲ့က ပုဂံညောင်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများ သန့်ရှင်းသာယာ လှပစေရန် ယခုကဲ့သို့ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပုဂံရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဘုရား၊ စေတီ၊ ပုထိုး အဆူ ၁၀၀ ခန့်ကို လစဉ် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်






# အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၆၇၀၀ နှုန်းဖြင့် ပိဿာ ၃၂၇၀ ရောင်းချပေး

ကျောက်ဆည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများ စားသုံးဆီ အခက်အခဲမရှိစေရေး နေ့ရက်အလိုက် သတ်မှတ်ရည်ညွှန်းဈေးများဖြင့် ရောင်းချပေးလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်က ကျောက်ဆည်၊ စဥ့်ကိုင်၊ မြစ်သားမြို့နယ်များတွင် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၆၇၀၀ နှုန်းဖြင့် စားအုန်းဆီ ပိဿာချိန် ၃၂၇၀ ကို ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးသော စားအုန်းဆီများကို Resources Group Trading Co,Ltd. မှ သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာ ငွေကျပ် ၆၅၉၅ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီး ကျောက်ဆည်မြို့နယ် ဗလီကွင်း၊ အရှေ့ရေပြားတော၊ အနောက်ရေပြားတော၊ ပင်တလည်၊ ဈေးကုန်း၊ ဖျောက်ဆိပ်ပင်၊ ပဲခင်း၊ မြင်းကဘက်၊ ဆူးလေကုန်း၊ ကျီးအိပ်ဒွေးလှ၊ ခေတ်တော်၊ တောင်တော်ကျေးရွာများတွင်လည်းကောင်း၊ စဥ့်ကိုင်မြို့နယ် သပြေရိုး၊ နဘဲပင်၊ အနောက်ရွာသစ်၊ မြေတော်၊ တက်မျော၊ ထန်းတော၊ ဆည်ရွာ၊ ဥယျာဉ်၊ သနပ်ပင် ကျေးရွာများတွင်လည်းကောင်း၊ စဥ့်ကိုင်မြို့နယ် ရွှေသူဌေးရပ်ကွက်များတွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ကမမောင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကမမောင်း နိုဝင်ဘာ ၁၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ကမမောင်းမြို့ သံလွင်ဦးမြို့မဈေး၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက မီးသတ်ဆေးဘူးသုံးစွဲပြီး အလျင်အမြန် မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးသုံးစွဲပုံ နည်းစနစ်များနှင့် မီးသတ်ဆေးဘူးဖြင့် ဖျန်းပက်ပုံတို့ကို လက်တွေ့သရုပ်ပြသသင်ကြားပေးပြီး ကမမောင်းမြို့ ဈေးသူ၊ ဈေးသားများက ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြသည်။



အဆိုပါ မီးဘေးအန္တရယ်ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ကမမောင်း(ပြန်/ဆက်)

# သရက်မြို့၌ လူငယ်နှင့် ပရဟိတ အသိပညာပေး ဆွေးနွေး

သရက် နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club အဖွဲ့တို့ပူးပေါင်းကျင်းပသည့် လူငယ်နှင့်ပရဟိတ အသိပညာပေး ဆွေးနွေးခြင်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ Book Club အဖွဲ့ဝင် ဦးမြင့်ဆွေ ပညာရေး(ငြိမ်း)နှင့် Book Club အဖွဲ့ဝင် ကဗျာဆရာမောင်မင်းသိမ်း(သရက် )တို့က လူငယ်နှင့် ပရဟိတခေါင်းစဉ် ရွေးချယ်ခဲ့ပုံ၊ လူငယ်များပရဟိတလုပ်ငန်းများတွင် ပါဝင်လာပုံနှင့် ပရဟိတနှင့် လှူဒါန်းမှုတို့၏ ကွာခြားပုံ သဘောသဘာဝ တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ တန်ဆောင်တိုင်ဈေးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ





ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ တန်ဆောင်တိုင်ကာလအတွင်း ပြည်သူများပျော်ရွှင်စေရန် ရည်ရွယ်၍ တန်ဆောင်တိုင်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်တိုင် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထိုတန်ဆောင်တိုင်ဈေးပွဲတော်တွင် ကလေး၊ လူကြီးအပျော်စီးရဟတ်၊ ဒုံး၊ အပျော်စီးလှေ၊ ပျော့အိကလေးကစားကွင်း၊ ချားဝိုင်းများ၊ အပျော်တမ်းမြားပစ်၊ တာယာကွင်းဘောလုံး၊ သားရေကွင်းပစ်၊ ကလေးကစားစရာအရုပ်ဆိုင်၊ ထမနဲ၊ ရေမုန့်၊ ဘူးသီးကြော်၊ အကင်စုံ၊ ထိုးမုန့်၊ မစ်ရိုက်၊ ကောက်ညှင်းကျည်တောက်ဆိုင်များအပြင် ဟာသလူရွှင်တော် ဟောလေး၊ မျက်လှည့်ပညာရှင် ဂရိတ်ကျော်တိုး၊ နိုင်ငံကျော်ရုပ်ရှင်နှင့် သရုပ်ဆောင်များ၊ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်သည်။

ထို့ပြင် နိုဝင်ဘာ ၁၆ ရက် ညပိုင်းက ဖျော်ဖြေရေးအနေဖြင့် G Chord Music Band အဖွဲ့၏ သီဆိုတီးခတ်ဖျော်ဖြေခြင်း၊ Five Star လူရွှင်တော်တို့၏ ဟာဒယရွှင်ဆေးတိုက်ကျွေးမှုနှင့်အတူ တွဲဖက်၍ အငြိမ့်မင်းသမီးများ၏ အကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထို့အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကူညီပံ့ပိုးသော မီးပုံးပျံအလုံး ၃၀၀ နှင့် မြို့နယ်အစီအစဉ်ဖြင့် မီးပုံးပျံအလုံး ၂၀၀ ကို ပန်းခြံအတွင်း လာရောက်အပန်းဖြေကြသော ပြည်သူများနှင့်အတူ အဆက်မပြတ်လွှတ်တင်ခဲ့ကြပြီး မီးရှူးမီးပန်း အလှများကိုလည်း အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်း ဇော်၏ လမ်းညွှန်မှုဖြင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ပစ်ဖောက်ခြင်းများဖြင့် တန်ဆောင်တိုင်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှကာကွယ်နိုင်ရန် ယမန်နေ့နံနက် ၇ နာရီက အမှတ်(၄)ရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှုများပြားနိုင်သည့်အတွက် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သော ကားတာယာဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ၊ ပြည်သူ့ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၀၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၃၉ | ၃၁၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကျောက်ဆည်မြို့နယ် ဝမ်းကာဆိပ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းပေးမည်

ကျောက်ဆည် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများအား မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရေး လိုအပ်မှုများဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝမ်းကာဆိပ်ကျေးရွာတွင် VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းပေးရာတွင် စီမံကိန်းရန်ပုံငွေများအပြင် ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ကွန်ကရစ်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုများပိုမိုဆောင်ရွက်လာတတ်မည်ဖြစ်ကြောင်းနှင့် အရည်အသွေးကောင်းသည့်လမ်းများ ဆောင်ရွက်နိုင်ရန်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ စနစ်တကျကူညီပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးသွားပါက မြို့ပြနှင့်မခြား လမ်းများဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် များစွာအဆင်ပြေသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူနေမှုစနစ်များလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဝမ်းကာဆိပ် ကျေးရွာပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မိုးတွင်းကာလ ကျေးရွာတွင်းလမ်းများသည် ရွှံ့များဖြင့် သွားလာရာ၌ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ ယခုအခါ (VDP)စီမံကိန်းဖြင့် ရွာတွင်းမြေသားလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျေးရွာပြည်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# တံစိုးလက်ဆောင် ဝေးဝေးရှောင်

**လင်းလက်နေခြည်**

> **"လူမှုပတ်ဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦးကအစပြု၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနိုင်ရေးအတွက် လက်ဆောင်ပေးခြင်း အလေ့အထများရှိကြသည်။ ထိုအလေ့အထများသည် သံတမန်ဆက်ဆံရေး၏ ပြယုဂ်တစ်ခုပင်ဖြစ်သဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပြသလိုသောသဘောဖြင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ လူမှုပတ်ဝန်းကျင်တွင်လည်း အချင်းချင်း အပြန်အလှန်အားဖြင့် မေတ္တာတရားကို ရည်ညွှန်းဖော်ပြသော နောက်ကွယ်အကျိုးစီးပွားပါဝင်မှုမရှိသည့် လက်ဆောင်ပစ္စည်းပေးကမ်းခြင်းကလည်း မြတ်နိုးဖွယ်ရာပင်ဖြစ်သည်။ ထိုအလေ့အထကို မသမာသူ ဝိသမလောဘသမားများက လုပ်ပိုင်ခွင့်အာဏာရှိသူများကို တံစိုးလက်ဆောင်ပေး၍ မိမိတို့အလိုရှိရာဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ပေးအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကို အရောင်ဆိုး ဖျက်ဆီးနေကြသည်ကိုလည်း သတိပြုမိကြဖို့လို"**

**အကြောင်းရင်းခံတစ်ခု**

အဂတိလိုက်စားမှုဆိုသည်မှာ မတရားသဖြင့် ဘက်လိုက်ဆုံးဖြတ်ခြင်းဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုသည်။ အဂတိလိုက်စားမှုကို ဖြစ်စေသော အဓိကအကြောင်းတရားလေးပါးရှိသည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ "ဆန္ဒာဂတိ - ချစ်သဖြင့် ဘက်လိုက်ဆုံးဖြတ်ခြင်း၊ ဒေါသာဂတိ - မုန်းသဖြင့် ဘက်လိုက်ဆုံးဖြတ်ခြင်း၊ ဘယာဂတိ - ကြောက်သဖြင့် ဘက်လိုက်ဆုံးဖြတ်ခြင်း၊ မောဟာဂတိ - အမှားအမှန်မသိသဖြင့် ဘက်လိုက်ဆုံးဖြတ်ခြင်း" ဆိုသည့် အဂတိတရားလေးပါးကို သတိပြုဆင်ခြင်ကြရန် မြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။

အဂတိလိုက်စားမှုကို ဖြစ်စေသော အဓိကအကြောင်းရင်းခံမှာ လောဘတရားပင်ဖြစ်ပြီး လောဘတရားသည် လူသားများကို လူ့သဘာဝအရ ချမ်းသာခြင်းအမှုကိုပြုရာ၌ မကောင်းမှုဒုစရိုက်များကို ကျူးလွန်၍ ဝိသမလောဘဖြင့် အသက်မွေးဝမ်းကြောင်းပြုစေသဖြင့် ပယ်ဖျက်ရန် ကြိုးစားသင့်ပေသည်။ "ဝတ္ထုကာမဂုဏ် ငွေစနှင့်ကြုံသောအခါ အာရုံကို ဖြတ်နိုင်ခဲလှပါသည်" ဆိုသည့် ဦးပုည၏ ရေသည်ပြဇာတ်လာ ရေသည်ယောကျ်ား၏ ဘဝကဲ့သို့ပင် ပစ္စည်းဥစ္စာဆိုသည်မှာ လူသားတို့၏ လောဘကိုနှိုးဆွစေပြီး ထမင်းသခင်ကျေးဇူးရှင်ကိုပင် ပြန်၍ပင် သတ်နိုင်သည်အထိ ဖြစ်တတ်သည်။ လောဘတရားဖြင့် ပစ္စည်းဥစ္စာရှာဖွေတတ်ကြသူများသည် တံစိုးလက်ဆောင်ဆိုသော မကောင်းသည့် ရည်ရွယ်ချက်ဖြင့် ပေးအပ်သည့်အရာကို ရှောင်လွှဲနိုင်ကြမည်မဟုတ်ပေ။ တံစိုးလက်ဆောင် လက်ခံလိုက်သည့်အခါတွင် ပေးသူအလိုကျ ရုပ်သေးရုပ်ပမာ ဆုံးဖြတ်ချက်များကို မှားယွင်းစွာဆုံးဖြတ်၍ အဂတိလိုက်စားမှုများကို ကျူးလွန်တတ်ကြသဖြင့် တံစိုးလက်ဆောင်သည် အဂတိလိုက်စားမှုများကို ဖြစ်စေသည့် အခြေခံအကြောင်းရင်းတစ်ခု ဖြစ်၍နေသည်။

**တံစိုးလက်ဆောင်သတိနှင့်ရှောင်**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ၊ ၃ (ခ) တွင် "တံစိုးလက်ဆောင် ဆိုရာတွင် အဂတိလိုက်စားမှုအလို့ငှာ အဖိုးစားနားသို့မဟုတ် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များလည်း ပါဝင်သည်"ဟု ပြဋ္ဌာန်းထားသည်။ နောက်ကွယ်အကျိုးစီးပွားများ ပါဝင်ဆက်နွှယ်ပတ်သက်နေပြီး မကောင်းသည့်ရည်ရွယ်ချက်ဖြင့် ပေးအပ်သည့် တံစိုးလက်ဆောင်သည် အစိုးရ၏မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ယိုင်နဲ့သွားစေသည့် အဂတိလိုက်စားမှုများကိုဖြစ်စေသည့် အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်။ တံစိုးလက်ဆောင်ပေးခြင်းနှင့် လက်ခံခြင်းသည် ဥပဒေအရ အရေးယူခံရနိုင်သည့် ပြစ်မှုတစ်ခုဖြစ်နေသည်ကို သတိပြုသင့်သည်။

လူမှုပတ်ဝန်းကျင်တွင် တစ်ဦးနှင့် တစ်ဦးကအစပြု၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနိုင်ရေးအတွက် လက်ဆောင်ပေးခြင်း အလေ့အထများရှိကြသည်။ ထိုအလေ့အထများသည် သံတမန်ဆက်ဆံရေး၏ ပြယုဂ်တစ်ခုပင်ဖြစ်သဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပြသလိုသောသဘောဖြင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ လူမှုပတ်ဝန်းကျင်တွင်လည်း အချင်းချင်း အပြန်အလှန်အားဖြင့် မေတ္တာတရားကို ရည်ညွှန်းဖော်ပြသော နောက်ကွယ်အကျိုးစီးပွားပါဝင်မှုမရှိသည့် လက်ဆောင်ပစ္စည်းပေးကမ်းခြင်းကလည်း မြတ်နိုးဖွယ်ရာပင်ဖြစ်သည်။ ထိုအလေ့အထကို မသမာသူ ဝိသမလောဘသမားများက လုပ်ပိုင်ခွင့်အာဏာရှိသူများကို တံစိုးလက်ဆောင်ပေး၍ မိမိတို့အလိုရှိရာ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ပေးအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်ကို အရောင်ဆိုး ဖျက်ဆီးနေကြသည်ကိုလည်း သတိပြုမိကြဖို့လိုသည်။

**အဆိပ်ပမာ**

အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေရသည့် ပုဂ္ဂိုလ်များအတွက် တံစိုးလက်ဆောင်သည် အဆိပ်အတောက်ပင်ဖြစ်သည်။ ရယူသုံးစွဲမိလိုက်သည့်အခါတွင် တံစိုးလက်ဆောင်နှင့်အတူပါလာသော အဆိပ်အတောက်များက မိမိတာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းအပေါ်ထားရှိရမည့် "တာဝန်ယူမှု၊ တာဝန်ခံမှု၊ အဂတိတရားကင်းစင်မှု" စသည့် စံနှုန်းများကို ပျက်စီးသွားစေပြီး တံစိုးလက်ဆောင်ပေးသူအလိုကျ ဆုံးဖြတ်ဆောင်ရွက်ရလေသည်။ တံစိုးလက်ဆောင်လက်ခံ၍ ဘက်လိုက်ဆုံးဖြတ်ခြင်းသည် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ပျက်စီးစေသည့် အဂတိလိုက်စားမှုပင်ဖြစ်သဖြင့် နိုင်ငံတိုင်းက တံစိုးလက်ဆောင်ပေးခြင်းနှင့် လက်ခံခြင်းကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေကြခြင်းပင်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ (က) (၁) တွင် အဂတိလိုက်စားမှုဆိုသည်မှာ "မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊" ဟု ပြဋ္ဌာန်းထားသည်။ တံစိုးလက်ဆောင်လက်ခံ၍ အဂတိလိုက်စားမှုများကို ကျူးလွန်မိမည်ဆိုပါက ဥပဒေအရအရေးယူခံရနိုင်သည်ကိုလည်း သတိပြုမိကြရန်လိုသည်။

ပညာရှိပင်ဖြစ်လင့်ကစား လောဘတရားများကို ထိန်းချုပ်နိုင်စွမ်းမရှိဘဲ တံစိုးလက်ဆောင်လက်ခံလိုက်သည့်အခါ တရားမျှတမှုစံနှုန်းများနှင့် ကင်းဝေးသွားစေပြီး မမှန်မကန် ဆုံးဖြတ်လုပ်ကိုင်တတ်သဖြင့် "ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်" ၏ တောင်ဖီလာဆရာတော်ဘုရားကြီးက ဆုံးမထားခြင်းပင်ဖြစ်သည်။ ချမ်းသာလိုသောစိတ်သည် လူကိုနှိပ်စက်၍ လောဘတရားဖြင့် မတရားသောနည်းလမ်းဖြစ်သည့် ခိုးမှုကိုကျူးလွန်ကာ ပစ္စည်းဥစ္စာရှာဖွေမည်ဆိုပါက ခိုးယူခံရသည့် ပိုင်ရှင်တစ်ဦးတည်းသာ ဆုံးရှုံးမည်ဖြစ်သည်။ တံစိုးလက်ဆောင်လက်ခံ၍ ဆုံးဖြတ်ချက်များကို တရားဓမ္မနှင့်ဆန့်ကျင်ကာ ဆုံးဖြတ်လိုက်မည်ဆိုပါက လူမှုပတ်ဝန်းကျင်တစ်ခုလုံးကိုပါ ထိခိုက်ပျက်စီးစေတတ်သဖြင့် သတိပြုဆင်ခြင်သင့်သည်။

**ရှောင်လေဝေးဝေး**

ယနေ့ခေတ်တွင်လည်း တံစိုးလက်ဆောင်လိုက်စား၍ ဘက်လိုက်ဆုံးဖြတ်ကာ အဂတိလိုက်စားမှု ကျူးလွန်မိမည်ဆိုပါက ဥပဒေအရ စစ်ဆေးပေါ်ပေါက်သည့်အချိန်တွင် မိမိရယူထားသော တံစိုးလက်ဆောင်များလည်း ဆုံးရှုံးရမည်ဖြစ်သကဲ့သို့ လူကိုယ်တိုင်ပါ အရေးယူခံရနိုင်သဖြင့် ဝေးဝေးကရှောင်ရမည့် အဆိပ်ပင်ဖြစ်သည်။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာခြင်းအမှုကို ပြုမိသည်ဆိုပါကလည်း "လဆုတ်သောအခါ လမင်း၏ အရောင်အဝါသည် တစ်နေ့တခြားလျော့ပါးလာသကဲ့သို့ စည်းစိမ်ဥစ္စာ အခြံအရံအကျော်အစောအပေါင်းတို့သည်လည်း တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်တတ်သည်" ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ မကောင်းမှုတို့ဖြင့် ရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာတို့သည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးရတတ်သဖြင့် ဆင်ခြင်အပ်သည်။

ငယ်စဉ်က သင်ယူလေ့လာခဲ့ရသော ရွှေဥတစ်လုံးကို နေ့စဉ်ဥပေးနေသည့် ငန်း၏ ဗိုက်ကိုခွဲကာ ရွှေဥများစွာရယူလိုသည့် လောဘကြောင့် ရွှေဥလည်းဆုံး ငန်းလည်းဆုံးရသည့်အဖြစ်ကို သတိပြုဆင်ခြင်ကြရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့လက်ခံရရှိထားသော ရာထူးတာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အများပြည်သူအကျိုးအတွက်သယ်ပိုးရန်သာဖြစ်သည်ကို သတိချပ်သင့်သည်။ ထိုကဲ့သို့ ပြည်သူ့အကျိုးသယ်ပိုးရင်း ပြည်သူ့မေတ္တာကို ရယူပိုင်ဆိုင်ထားသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရနှင့်ပြည်သူတို့က ချီးမြှင့်သော လစာနှင့် စရိတ်တို့ကို ခံစားရရှိပြီးဖြစ်သည်။ ထိုလစာနှင့် စရိတ်တို့ကို ခြိုးခြံချွေတာစွာ သုံးစွဲ၍ ချမ်းသာစွာနေထိုင်သည့် ဘဝပင်ဖြစ်သည်။ တံစိုးလက်ဆောင်ကို လက်ခံမိကာ အဂတိလိုက်စား၍ ဘက်လိုက်ဆုံးဖြတ်မိမည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူခံရသည့်အချိန်တွင် မြင့်မြတ်သောဝန်ထမ်းဘဝကိုပါဆုံးရှုံးရနိုင်ပြီး အရေးယူခံရခြင်းဆိုသော အဖြစ်ကိုပါ ခံစားရနိုင်သဖြင့် တံစိုးလက်ဆောင်ကို ဝေးဝေးကရှောင်နိုင်ကြပါစေကြောင်း တင်ပြလိုက်ရသည်။ ။

**ရည်ညွှန်းကိုးကား**

- ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ညောင်ကန်ဆရာတော်ဘုရားကြီး၊
- နေ့စဉ်ထုတ်သတင်းစာများ။

> **"ယနေ့ခေတ်တွင်လည်း တံစိုးလက်ဆောင်လိုက်စား၍ ဘက်လိုက်ဆုံးဖြတ်ကာ အဂတိလိုက်စားမှု ကျူးလွန်မိမည်ဆိုပါက ဥပဒေအရ စစ်ဆေးပေါ်ပေါက်သည့်အချိန်တွင် မိမိရယူထားသော တံစိုးလက်ဆောင်များလည်း ဆုံးရှုံးရမည်ဖြစ်သကဲ့သို့ လူကိုယ်တိုင်ပါ အရေးယူခံရနိုင်သဖြင့် ဝေးဝေးကရှောင်ရမည့် အဆိပ်ပင်ဖြစ်သည်။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာခြင်းအမှုကို ပြုမိသည်ဆိုပါကလည်း "လဆုတ်သောအခါ လမင်း၏ အရောင်အဝါသည် တစ်နေ့တခြားလျော့ပါးလာသကဲ့သို့ စည်းစိမ်ဥစ္စာ အခြံအရံအကျော်အစောအပေါင်းတို့သည်လည်း တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်သည်" ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့"**

# မြင်းခြံမြို့၌ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၇၂) ကြိမ်မြောက် သီးခြားစာသင်တန်း အာဂုံပြန်ပွဲ ကျင်းပ



**မြင်းခြံ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၇၂) ကြိမ်မြောက် သီးခြားစာသင်တန်း အာဂုံပြန်ပွဲကို ယမန်နေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

"မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၇၂) ကြိမ်မြောက် သီးခြားစာသင်တန်း အာဂုံပြန်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစတင် ကျင်းပခြင်းဖြစ်ပါတယ်။ အခုနှစ်အတွက် သံဃာတော် ၁၇၈ ပါး ဝင်ရောက်ဖြေဆိုမှာ ဖြစ်ပါတယ်။ အာဂုံပြန်ပွဲကို မြန်မာတစ်နိုင်ငံလုံးတွင် ကျွန်တော်တို့ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၊ မန္တလေးမြို့တွင် သာသနဒ္ဓဟိတအသင်း၊ ရန်ကုန်မြို့တွင် စေတိယင်္ဂဏအသင်း စုစုပေါင်းအသင်း သုံးသင်းမှ နှစ်စဉ်ကျင်းပဆောင်ရွက်နေပါတယ်။ အာဂုံပြန်စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နှစ်ရက် ကျင်းပပေးမှာဖြစ်ပါတယ်"ဟု ပရိယတ္တိသဒ္ဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးငွေဝင်းသောင်းက ပြောသည်။

သီးခြားစာသင်တန်း အာဂုံပြန်ပွဲ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား စေတနာရှင် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အအေးများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ကော့သောင်း နိုဝင်ဘာ ၁၇**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်တော်အေးစေတီတော်မြတ်ကြီး သာသနဒ္ဓဗိမာန်တော်အတွင်း သံဃာတော်များ ပင့်ဆောင်ကာ ကျင်းပခဲ့သည်။

**လောင်းလှူ**

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၀၅ ကျောင်းမှ သံဃာတော်များနှင့် သီလရှင်အပါးစုစုပေါင်း ၁၂၀၀ ခန့်အား လောင်းလှူခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် စစ်ဗျူဟာအဖွဲ့ အခြေချ (ကော့သောင်း)မှ စစ်ဗျူဟာမှူးကြီးနှင့်ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နေပြည်သူများက ပြည်တော်အေးစေတီတော်မြတ်ကြီး သာသနဒ္ဓဗိမာန်တော်ရှေ့မှ စတင်ကာ ပြည်တော်အေးဘုရားလမ်း၊ မြို့မဈေးကြီးရှေ့ လမ်းတစ်လျှောက် နာရီစင်အထိ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ (၄၈)ကြိမ်မြောက် မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နတ်တလင်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ (၄၈)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ကြီး၏လမ်းညွှန်မှုဖြင့် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ အပါအဝင် နတ်တလင်းမြို့နယ် ကျောင်းတိုက်အသီးသီး၌ သီတင်းသုံးတော်မူသော ကျောင်းထိုင်ဆရာတော်ကြီး ၁၂၁ ပါးတို့အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ဆန်အိတ် ၁၃၈ အိတ်(တန်ဖိုးငွေကျပ် ၁၁၇၃၀၀၀၀)၊ လှူဖွယ်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၄၉၃၅၀၊ အလှူငွေ တန်ဖိုးငွေကျပ် ၆၄၅၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၈၂၄၃၅၀ တို့ကို စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ကျင်းပ**

အဆိုပါ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို သကျမဟာမြတ်မုနိ ဘုရားကြီးဂန္ဓကုဋိတိုက်မှ ဘုရားကြီးနတ်လမ်းတစ်လျှောက် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**






# မြိတ်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Grade- 11 နှင့် Grade- 12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အထက(၁)မြိတ် ပညာ့ဗိမာန်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)၊ ရာဇသတ်ကြီး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေများကို မြိတ်ခရိုင် ဥပဒေအရာရှိ ဦးအေးမင်းနှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများက ဆွေးနွေးသင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းကိုဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက တစ်ဦးချင်းမိတ်ဆက်၍သင်တန်းကို စတင်ခဲ့သည်။ သင်တန်းကို သင်တန်းသားဆရာ ဆရာမ ၅၆ ဦး တက်ရောက်ကြပြီး နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး ( ပြန်/ဆက်)**



# စစ်ကိုင်းပညာရေးဒီဂရီကောလိပ်၌ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း နိုဝင်ဘာ ၁၇**

စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းပညာရေးဒီဂရီကောလိပ် မြရောခန်းမ၌ ကျင်းပသည်။



ဦးစွာ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းက ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးအစီအစဉ်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် အစီအစဉ်များခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထက်အောင်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး ဆောင်ရွက်ရမည့်အစီအစဉ်များ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးခဲ့ပြီး မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆရာများ လက်စွဲ (Level-I, II, III, IV, V) စာအုပ်များကို စစ်ကိုင်းပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြတ်ခိုင်ထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား စစ်ကိုင်းခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်သစ်တောဦးစီးဌာနတို့က သဘာဝဘေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**


## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုလျှော့စားစို့

မြန်မာနိုင်ငံသားများ၏ ပျမ်းမျှတစ်ဦးချင်း ဆီစားသုံးမှုသည် ပုံမှန်စားသုံးသင့်သည့် ပမာဏထက်များစွာသုံးစွဲနေကြောင်းစစ်တမ်းများအရသိရှိရပါသည်၊

- လူတစ်ဦး၏ ပုံမှန်စားသုံးသင့်သည့် ဆီပမာဏမှာတစ်ရက်လျှင် (၁.၈)ကျပ်သား၊ တစ်လလျှင် (၅၄)ကျပ်သား ဖြစ်ပါသည်၊
- လူ(၅)ဦးပါဝင်သောမိသားစုတစ်စုသည် တစ်ရက်လျှင် ဆီစားသုံးမှုနှုန်း (၉)ကျပ်သား၊ တစ်လလျှင် ၂ ပိဿာနှင့် ၇၀ ကျပ်သား ဖြစ်ပါသည်၊

- မြန်မာနိုင်ငံသားတစ်ဦး၏ လက်ရှိပျမ်းမျှဆီစားသုံးနေသည့်နှုန်းမှာတစ်ရက်လျှင်(၂.၂၅)ကျပ်သား၊ တစ်လလျှင် (၆၇.၅)ကျပ်သားဖြစ်ပါသည်၊
- လူ(၅)ဦးပါဝင်သောမိသားစုတစ်စုသည် တစ်ရက်လျှင် ဆီစားသုံးမှုနှုန်း (၁၁.၂၅)ကျပ်သား၊ တစ်လလျှင် ၃ ပိဿာနှင့် ၃၇ ကျပ်သား ဖြစ်ပါသည်၊







စားသုံးဆီကို လိုအပ်သည့်ပမာဏထက်ပို၍ စားသုံးမိပါက သွေးအတွင်း အဆီဓာတ်မြင့်မားလာခြင်း အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆစ်ရောင်ရောဂါ စသည့် နာတာရှည်ဝေဒနာများ ခံစားရနိုင်ပါသည်။

ကျန်းမာရေးနှင့် မသင့်လျော်သည့် ဆီများကို စားသုံးခြင်းနှင့် ဆီကိုလိုအပ်သည်ထက် ပိုမိုစားသုံးခြင်းကြောင့် ကျန်းမာရေးအပေါ်ကြီးမားသော ဆိုးကျိုးများ သက်ရောက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းမှ အစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ သုံးစွဲခြင်းအားဖြင့် -

- မိသားစုများအနေဖြင့် ကုသရန်ခက်ခဲသော နာတာရှည်ရောဂါဝေဒနာဆိုးများမှ ကင်းဝေးစေခြင်းကြောင့် ဆေးကုသမှုအတွက် အသုံးပြုရမည့်ကုန်ကျစရိတ်သက်သာခြင်းနှင့် မိသားစုဝင်များ စိတ်ချမ်းသာမှုကို ရရှိနိုင်ခြင်း၊
- မလိုအပ်ဘဲ ပိုလျှံစွာ ဝယ်ယူနေရသော စားသုံးဆီအတွက် ကုန်ကျစရိတ်ကို စုဆောင်းလာနိုင်ခြင်း၊
- ပြည်သူများ နာတာရှည်ရောဂါများကင်းဝေး၍ ကျန်းမာသန်စွမ်းခြင်းဖြင့် နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည် ဖြစ်ပါသည်၊

ရည်ညွှန်းကိုးကား - စားသုံးသူများ ကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့ doca.gov.mm (၂၀၂၄ ခုနှစ်၊ မေလ)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားစို့

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ကျန်းမာရေးဝန်ကြီးဌာန

- စားသုံးဆီများတွင် အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated)၊ တတ်နိုင်သမျှ လျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ (Saturated Fats) နှင့် လုံးဝမစား သုံးသင့်သော အသွင်ပြောင်းဆီများ (Trans Fats) ဟူ၍ (၃)မျိုးရှိပါသည်။
- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ် (HDL) တိုကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျော့ချပေးခြင်းဖြင့် နှလုံးရောဂါ နှင့် အမျိုးအစား(၂)ဆီးချိုရောဂါစသည့် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါ သည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ် (LDL) များ လွန်ကဲစွာ မြင့်တက် စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ (ဥပမာ - စားအုန်းဆီ၊ ဆီကြော်အစား အစာများ၊ တိရစ္ဆာန်မှရသောအဆီများ)







- အသွင်ပြောင်းဆီသည် အစားအသောက်များ ပိုမိုတာရှည်ခံ၍ အရသာရှိစေရန် ပုံမှန်အသုံးပြုသော ဆီတွင် ဟိုက်ဒရိုဂျင်ဓါတ် ထည့်ပေါင်းထားသောဆီဖြစ်ပြီး ပြည့်ဝဆီစားသုံးခြင်း၏ ဆိုးကျိုးများအပြင် သွေးတွင်းဆီ (Triglycerides) များကို ပိုမို၍ တက်စေခြင်း၊ ကောင်းမွန်သော သွေးတွင်းအဆီဓါတ် (HDL) ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်းကြောင့် အထက်ဖော်ပြပါရောဂါများအပြင် အမျိုးအစား(၂)ဆီးချိုရောဂါကိုပါ ပို၍ဖြစ်ပွားစေနိုင်ပြီး နောက်ဆက်တွဲဆိုးကျိုးများစွာ ခံစားရနိုင်ပါသည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ပေါင်မုန့် စသည်တို့တွင် ပါဝင်သည့်ဆီ)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စားပါ၊ မပြည့်ဝဆီသင့်တင့်စွာစားပါ၊ အသွင်ပြောင်းဆီပါဝင်နိုင်သည့် အစားအစာများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ၊

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ်ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## မြန်မာစာ — ပါမောက္ခ ဒေါက်တာဇော်

၁၁ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

### အခန်း(၁)

### စကားပြောရာတွင် ပါဝင်သော မွမ်းမံသံများ

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ **ဒွါဒသမတန်း မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး (၇)ပုဒ် ပါဝင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၁ (က) သည် မှား / မှန်ဖြေ၊ ၁ (ခ) သည် ကွက်လပ်ဖြည့်၊ ၁ (ဂ) သည် အဖြေမှန်ရွေးဖြစ်ပြီး စုစုပေါင်း အမှတ် ၃၀ ပေးထားရာ Grade-12 အခန်း(၁) မှ အသံအနိမ့်အမြင့် အသံအလေးအပေါ့နှင့် အသံအနှေးအမြန်သဘောတရားတို့ကို ကျက်မှတ်လေ့လာရန် ဖော်ပြလိုက်ပါသည်။**

### အသံ အနိမ့်အမြင့်သဘောတရား

၁။ အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက် စကားပြောဆိုရာတွင် အရေးပါလှသည့်သဘောတရားများအနက်မှ ၂ ခု ဖြစ်သည်။ **(၂၀၂၄ မေးခွန်းဟောင်း)**

၂။ မည်သည့်ဘာသာစကားတွင်မဆို အသံအနိမ့်အမြင့်သည် အတိမ်းအစောင်းမခံနိုင်သော သဘောတရားတစ်ရပ်ဖြစ်ပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၃။ အသံအနိမ့်အမြင့်လွဲမှားမှုသည် ပြောသူရော နာသူတွင်ပါ ရှုပ်ထွေးမှုများ ညီတူမျှတူ ဖြစ်ပေါ်စေသည်သာဖြစ်ပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၄။ အသံအနိမ့်အမြင့်သည် စကားသံဆိုင်ရာ သဘောတရားတစ်ခုဖြစ်ပြီး အပြောစကား၏ လေယူ လေသိမ်းနှင့် ထင်ရှားပေါ်လွင်မှုကို ဖန်တီးပေးပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၅။ စကားသံတစ်ခုချင်းစီ၏ ပုံမှန်နိမ့်မြင့်သံသည် လှုပ်ရှားနေသော အသံကြိုးနှင့် ယင်းအသံကြိုး၏တုန်ခါမှု ကြိမ်နှုန်းအပေါ်တွင် မူတည်နေပါသည်။

၆။ အသံကြိုးတုန်ခါမှု၏ ကြိမ်နှုန်းသည် အသံကြိုး၏ အလျား၊ အသံကြိုး၏အထုအပါးနှင့် အသံကြိုး၏တင်းအားတို့အပေါ်တွင် လုံးလုံးလျားလျား တည်မှီဖြစ်ပေါ်ပါသည်။ **(၂၀၂၄ မေးခွန်းဟောင်း)**

၇။ အမျိုးသားများတွင် အမျိုးသမီးများနှင့် ကလေးများထက် ပိုမို၍ ရှည်လျားသော အသံကြိုးရှိပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၈။ အမျိုးသားများ၏ နိမ့်မြင့်သံသည် အမျိုးသမီးများ၊ ကလေးများထက် ယေဘုယျအားဖြင့် ပိုမိုနိမ့်ကျပြီး ပိုမို၍လေးနက်ကြောင်း ဖော်ထုတ်ပြထားပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၉။ ပျမ်းမျှနိမ့်မြင့်သံ သို့မဟုတ် ပုံမှန်နိမ့်မြင့်သံမှအပ လူတိုင်းတွင် သတ်မှတ်ထားသော စိတ်တိုင်းကျ အသုံးပြုနိုင်သည့် နိမ့်မြင့်သံအဆင့်စဉ်တစ်ခုစီရှိသည်။

၁၀။ တစ်ဦးတစ်ယောက်စီ၏ အသံကြိုးအဝအားကို ထိန်ညှိပေးခြင်းအားဖြင့် နိမ့်မြင့်သံအဆင့်စဉ်ကို ရရှိနိုင်သည်။

၁၁။ တစ်စုံတစ်ယောက်၏ အသံကြိုးများကို တင်းလိုက်ခြင်းအားဖြင့် တစ်စုံတစ်ဦး၏ နိမ့်မြင့်သံကို အမြင့်သံသို့ ရောက်အောင် မြှင့်တင်ပေးနိုင်သည်။

### အသံအလေးအပေါ့သဘောတရား

၁၂။ အသံအလေးအပေါ့ဆိုသည်မှာ အသံတစ်သံ သို့မဟုတ် ဝဏ္ဏတစ်ခုကို အသံထုတ်လုပ်ရာတွင် အသုံးပြုသော အားထုတ်မှုအတိုင်းအတာပမာဏဖြစ်သည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၁၃။ အသံအလေးအပေါ့ကို အဘိဓာန်များတွင် ဖိနှိပ်အား (အားထုတ်ရွတ်ဆိုမှု) အင်အားအဖြစ်ဖြင့် အဓိပ္ပာယ်ပေးကြသည်။

၁၄။ ဘာသာစကားသံထုတ်လုပ်မှုတွင် အားထုတ်ရွတ်ဆိုမှု၊ အဆုတ်လေအင်အား၊ ဖိနှိပ်အားများမပါဝင်ဘဲ စကားသံများ မဖြစ် နိုင်ချေ။

၁၅။ ပေ့ါပေ့ါပြောချင်သော အကြောင်းအရာ၊ တစ်နည်းအားဖြင့် အရေးမကြီးသည့် အကြောင်းအရာကို ဖော်ညွှန်းသောစကားမျိုးတွင် အသံပေ့ါကိုသုံးသည်။

၁၆။ လေးလေးနက်နက်ပြောချင်သော အရေးကြီးသည့် အကြောင်းအရာများကို ဖော်ညွှန်းလသည့်အခါတွင် အသံလေးကို သုံးသည် ။ **(၂၀၂၄ မေးခွန်းဟောင်း)**

၁၇။ တစ်သီးပုဂ္ဂလ စကားသံ အတိုအရှည်သည် စကားဆက်ထဲတွင် တစ်မျိုးတစ်ဖုံပြောင်းနိုင်သကဲ့သို့ တစ်သီးပုဂ္ဂလ စကားသံ အလေးအပေ့ါသည်လည်း စကားဆက်ထဲတွင် တစ်မျိုးတစ်ဖုံပြောင်းနိုင်သည်။

၁၈။ အလွန်ဝမ်းသာသည့်အခါမျိုး အံ့ဩသည့်အခါမျိုး၊ စိတ်ဆိုးသည့် အခါမျိုးတို့တွင် အသံကျယ်ကျယ် လေးလေးပင်ပင်နှင့် ပြောဆိုခြင်းမျိုးကို ကြားရတတ်သည်။

၁၉။ အသံအလေးအပေ့ါဟုဆိုရာတွင် စကားလုံးအသံအလေးအပေ့ါနှင့် ဝါကျအသံအလေးအပေ့ါဟူ၍ ရှိသည်။ **(၂၀၂၄ မေးခွန်းဟောင်း)**

၂၀။ စကားလုံးများသည်တစ်သီးပုဂ္ဂလအားဖြင့် လေးခြင်း ပေ့ါခြင်းဖြစ်၍ ဝါကျထဲ၊ စကားဆက်ထဲရောက်သည့်အခါ အခြေအနေအရ ပြောသူ၏ခံစားမှု အလေးအပေ့ါအရ သံပြောင်းသံလွှဲများဖြစ်နိုင်သည်။

### အသံအနှေးအမြန် သဘောတရား

၂၁။ သင်၏စကားပြောနှုန်းသည် ကောင်းသလော၊ အလွန်ကောင်းသလော၊ ဆိုးသလော ဆိုသည်မှာ အဆက်အစပ်ပေါ်တွင်သာ လုံးဝမူတည်လျက်ရှိနေပါသည်။

၂၂။ သင်ပြောသမျှ စကားများကို လူအများကနားထောင်၍ နားမလည်နိုင်ဟုဆိုလာလျှင် အဓိကအကြောင်းရင်းမှာ သင်၏စကားပြောနှုန်းကြောင့်ပင် ဖြစ်ပါသည်။

၂၃။ စကားပြောနှုန်းကို တိုင်းတာရာတွင် တစ်မိနစ်အတွင်း ပြောသော စကားလုံးအရေအတွက်ဖြင့် တိုင်းတာရပါသည်။ **(၂၀၂၄ မေးခွန်းဟောင်း)**

၂၄။ စကားပြောနှုန်းကို သိပ္ပံနည်းကျတိုင်းတာတွက်ချက်သိရှိနိုင်သည်။

၂၅။ စကားပြောနှုန်းသည် ပြောသူတစ်ဦးချင်းစီ၏ ယဉ်ကျေးမှု၊ ပထဝီဝင်အနေအထား၊ စသည့်အချက်များစွာတို့အပေါ် မူတည်နေပါသည်။

၂၆။ အနှေးနှုန်းဆိုသည်မှာတစ်မိနစ်အတွင်းပြောဆိုသောစကားလုံးအရေအတွက် (၁၁၀) အောက်နိမ့်ကျသော စကားပြောနှုန်းများဖြစ်ပါသည်။ **(၂၀၂၄ မေးခွန်းဟောင်း)**

၂၇။ အပြန်အလှန်ပြောနှုန်းဆိုသည်မှာ တစ်မိနစ်အတွင်းပြောသော စကားလုံးအရေအတွက် အနည်းဆုံး (၁၂၀) နှင့် အများဆုံး (၁၆၀ - ၂၀၀) အကြားဖြစ်ပါသည်။

၂၈။ ရေဒီယိုအသံလွှင့်ချက် သို့မဟုတ် အင်တာနက်အသံလွှင့်ချက်တွက်ဆိုလျှင် တစ်မိနစ်အတွင်း သောစကားလုံးအရေအတွက် (၁၅၀ - ၁၆၀) နှုန်းဖြင့် ရွတ်ဖတ်ပြောဆိုရပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၂၉။ လေလံပွဲတွင် လေလံပစ်ပေးသူ (ကြေညာသူ) သို့မဟုတ် ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယိုမှ တိုက်ရက်ထုတ်လွှင့် အစီရင်ခံသူတို့ဆိုလျှင် တစ်မိနစ်အတွင်း ပြောသောစကားလုံးအရေအတွက် ၂၅၀ မှ ၄၀၀ အတွင်းဖြစ်ရပါသည်။

၃၀။ ယေဘုယျအားဖြင့်ဆိုရလျှင် လူတို့သည် မိမိတို့ပြောလေ့ပြောထရှိသည့် စကားပြောနှုန်းကို သတိမမူမိတတ်ကြပေ။

၃၁။ နားထောင်သူပရိသတ်အပြောင်းအလဲရှိလျှင် သို့မဟုတ် စကားပြောရသည့်ရည်ရွယ်ချက် အပြောင်းအလဲရှိလျှင် စကားပြောနှုန်းကို သတိပြုရန် လိုအပ်ပါသည်။

၃၂။ မိမိ၏လေယူလေသိမ်းကထူးခြားနေလျှင်လည်းစကားပြောနှုန်းကို သတိပြုရမည်ဖြစ်ပါသည်။ **(၂၀၂၄မေးခွန်းဟောင်း)**

၃၃။ သင်သည် ပရိသတ်ကို ဟောပြောပို့ချနေခဲ့လျှင် သင်ပုံမှန်ပြောဆိုနေကျဖြစ်သည့် စကားပြောနှုန်းဖြင့် ပြောဆို၍ မရနိုင်ပါ။

၃၄။ စကားပြောနှုန်းကို တစ်သမတ်တည်းထားရှိပြီး ပုံမှန် ပြောဆိုခြင်းထက် စကားပြောနှုန်းအနှေးအမြန်ကို သင့်လျော်အောင် ပြောင်းလဲပြောဆိုခြင်းက ပိုမိုအကျိုးရှိ ထိရောက်သည်။ **(၂၀၂၄မေးခွန်းဟောင်း)**

## ရူပဗေဒ — ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၄ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

### CHAPTER (8)

### Interference and Diffraction of Light

**I. Are the following statements TRUE (or) FALSE?**

(1) A wavefront is a surface associated with a propagating wave which is a locus of all points in the wave that have the same phase.

(2) Wavefront is always perpendicular to the direction of propagation (or) rays.

(3) The spherical wavefront from a source transform into plane wavefront when it is far away from the source.

(4) The different states of the periodic waves at the same instant is represented by phase difference.

(5) If path difference are 0, $\lambda$, $2\lambda$, $3\lambda$, …, it is said in phase.

**II. Fill in the blanks.**

(1) Wavefront near the source is ............... wavefront.

(2) Wavefront away from the source is ............... wavefront.

(3) The phase angle is the position of a point on a ............... circle of a waveform.

(4) The angular position of a point of a periodic wave is known as the ................

(5) ............... light has a single wavelength.

**III. Choose the correct answer from the following.**

(1) There are ............... types of wavefronts.
**(A. two, B. three , C. four )**

(2) The phase angle is one of the important characters of the ............... wave.
**(A. periodic, B. nonperiodic , C. square )**

(3) The position of fringes and fringe width depend on the ............... of light source.
**(A. wavelength, B. frequency , C. period )**

(4) If phase difference are ..............., these two positions are in phase.
**(A. 0, $2\pi$, $4\pi$, $6\pi$,.., B. 1, $2\pi$, $3\pi$, $4\pi$, .., C. $\pi$, $3\pi$, $5\pi$, ..)**

(5) If phase difference are ..............., these two positions are completely out of phase.
**(A. $\pi$, $3\pi$, $5\pi$, .., B. 0, $2\pi$, $4\pi$, $6\pi$, .., c. 1, $2\pi$, $3\pi$, $4\pi$, ..)**

**Answer Keys**

**I. (1) True (2) True (3) True (4)True (5)True**

**II. (1) spherical (2) plane (3) reference**
**(4) phase angle (5) Monochromatic**

**III. (1) A (2) A (3) A (4) A (5) A**

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

၄ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade-4 မှ Grade-12 အထိ တန်းစဉ် လေ့ကျင့်ခန်းများအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြလိုက်ပါသည်။

### Grade-9 Unit -8

**I.(A) Fill each blank with an appropriate word. The initial letters are given to help you. (5 marks)**

1. An air fryer helps in reducing fat c.............. in food.
2. The appliance works by circulating hot a.............. around the food.
3. Set the required t.............. and timer to start cooking.
4. Deep-fried foods have more o.............. than air-fried foods.
5. One disadvantage is the c............... of an air fryer.
6. When you hear the timer b..............., the food is ready.
7. Air fryers make food crunchy on the o...............
8. Air fryers take more t.............. to cook food than deep fryers.
9. Air-fried foods are generally better for h.............. than deep-fried foods.
10. Slide the l.............. first before removing the basket.
11. A medical r.............. states air-fried foods are healthier.
12. Air fryers can be e.............. depending on the model.

**Answer Keys**

I. 1. content 2. air 3. temperature 4. oil 5. cost 6. bell 7. outside 8. time 9. health 10. lid 11. review 12. expensive

### Grade-10 Unit -8

**I. Choose the appropriate words or phrases to complete the sentences. (10 marks)**

1. Which of the following is a scavenger?
(A) Crow (B) Hawk (C) Rabbit
2. What do decomposers such as bacteria and fungi, change rotting material into?
(A) Water (B) Minerals (C) Nutrients
3. Which animals eat the remains of dead animals left by other predators?
(A) Decomposers (B) Scavengers (C) Herbivores
4. After scavengers eat, what comes next in the cleaning process?
(A) Decomposers (B) Larger predators
(C) Ants and insects
5. What are bacteria and fungi commonly called because of their role in the ecosystem?
(A) Cleaners (B) Decomposers (C) Producers
6. The process of multiple food chains connecting to each other is called a:
(A) Food chain (B) Food web (C) Nutrient cycle
7. Squirrels are prey for which of the following animals?
(A) Hawks (B) Lions (C) Crows
8. What is the main role of plants in the food chain?
(A) Scavengers (B) Producers (C) Consumers
9. What happens to the dead bodies of hawks, owls, and foxes?
(A) They are eaten by larger animals
(B) They decompose directly into plants
(C) They become food for scavengers
10. Decomposers are part of the final stage in:
(A) Cleaning up dead animals
(B) Starting a food web (C) Eating plants
11. What do decomposers contribute back to the soil?
(A) Food (B) Water (C) Nutrients
12. Which animal would be at the top of a food chain in this passage's example?
(A) Squirrel (B) Owl (C) Ant

**Answer Keys**

I. 1. (A) Crow 2. (C) Nutrients 3. (B) Scavengers 4. (C) Ants and insects 5. (B) Decomposers 6. (B) Food web 7. (A) Hawks 8. (B) Producers 9. (C) They become food for scavengers 10. (A) Cleaning up dead animals 11. (C) Nutrients 12. (B) Owl

### Grade-11 Unit -8

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. "Tell me as soon as you have finished," said J............, closing her eyes.
2. Johnsy wanted to see the last l.............. fall.
3. Sue went downstairs to get Mr. B.............. to sit as her model.
4. Mr. Behrman was a p.............. who lived on the first floor.
5. Mr. Behrman had always wanted to paint a m..............., but had never started it.
6. Behrman was over s.............. years old.
7. Behrman earned some money by modeling for young a ...............
8. Johnsy believed she would die when the last l.............. fell.
9. Sue explained that the f.............. had left Johnsy's mind full of strange ideas.
10. The r.............. outside was cold and mixed with snow.
11. Sue pulled down the c.............. to prevent Johnsy from seeing outside.
12. In the morning, one l.............. was still hanging on the vine.
13. The last leaf was still g............... in color.
14. Johnsy said she would die when the last leaf f...............
15. Sue comforted Johnsy by putting her face close to Johnsy's on the p...............

**Answer Keys**

I. 1. Johnsy 2. leaf 3. Behrman 4. painter 5. masterpiece 6. sixty 7. artists 8. leaf 9. fever 10. rain 11. curtain 12. leaf 13. green 14. fell 15. pillow

### Grade-12 Unit -8

**I. Choose the appropriate words or phrases to complete the sentences. (10 marks)**

1. Which energy source utilizes the power of moving water?
(A) Solar (B) Biomass (C) Hydropower
2. What is a major drawback of wind power?
(A) It causes air pollution
(B) It requires large amounts of land
(C) It stops when the wind isn't blowing
3. Solar energy is most efficient in areas that are:
(A) Windy (B) Rainy (C) Sunny
4. Biomass energy is derived from:
(A) Fossil fuels
(B) Dead plant and animal materials
(C) Water turbines
5. What disadvantage is associated with hydropower?
(A) High air pollution
(B) Negative impact on aquatic wildlife
(C) Requires sunlight
6. Which type of energy utilizes the heat within the Earth?
(A) Wind (B) Solar (C) Geothermal
7. What does renewable energy rely on instead of fossil fuels?
(A) Coal and oil (B) The sun, wind, water, and waste
(C) Natural gas and diesel
8. Wind turbines can be a threat to:
(A) Land animals (B) Birds and bats (C) Sea creatures
9. Which renewable energy source requires a large amount of land to produce power?
(A) Biomass (B) Solar (C) Wind
10. Which energy source has the lowest initial installation cost?
(A) Geothermal (B) Biomass (C) Wind
11. What are the main energy sources we currently rely on?
(A) Renewable energy sources (B) Fossil fuels
(C) Nuclear energy
12. What is one benefit of renewable energy sources?
(A) They produce more pollution
(B) They are inexhaustible
(C) They require fossil fuels to operate
13. Why has the use of fossil fuels been harmful to the environment?
(A) It is costly to produce fossil fuels
(B) It generates renewable energy
(C) It leads to environmental destruction
14. Why is there a need for alternative energy sources?
(A) Fossil fuels are running out
(B) Fossil fuels are cheap
(C) Fossil fuels are renewable
15. Which of the following is NOT a renewable energy source mentioned in the passage?
(A) Sun (B) Wind (C) Oil

**Answer Keys**

I. 1. (C) Hydropower
2. (C) It stops when the wind isn't blowing
3. (C) Sunny
4. (B) Dead plant and animal materials
5. (B) Negative impact on aquatic wildlife
6. (C) Geothermal
7. (B) The sun, wind, water, and waste
8. (B) Birds and bats 9. (B) Solar
10. (C) Wind 11. (B) Fossil fuels
12. (B) They are inexhaustible
13. (C) It leads to environmental destruction
14. (A) Fossil fuels are running out 15. (C) Oil

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# လယ်ဝေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ရေကြီးနစ်မြုပ်ပျက်စီးဧရိယာများအတွက် ဆောင်းသီးနှံမတ်ပဲ၊ နေကြာမျိုးများ ပေးအပ်

လယ်ဝေး နိုဝင်ဘာ ၁၇

လယ်ဝေးမြို့နယ်၌ ၂၀၂၄-၂၀၂၅ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ရေကြီးနစ်မြုပ်ပျက်စီးဧရိယာများအတွက် ဆောင်းသီးနှံမတ်ပဲ၊ နေကြာမျိုးများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအနီးရှိ အဆင့်မြင့်လယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ဦးဝင်းအောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ MEC မှ တာဝန်ရှိသူတစ်ဦးက ရေကြီးနစ်မြုပ်ပျက်စီးဧရိယာများတွင် စိုက်ပျိုးမည့် ဆောင်းဆီထွက်သီးနှံများအတွက် သွင်းအားစုများ ဖြန့်ဖြူးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစောဝင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမှု၊ နွေစပါး ပြန်လည်ကောက်ခံပေးသွင်းမှု၊ ဆောင်းဆီထွက်သီးနှံများ စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တောင်သူများက လိုအပ်ချက်များတင်ပြရာ သက်ဆိုင်ရာဌာနများက ရှင်းလင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ဧရိယာများမှ တောင်သူများအား ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးများ ပေးအပ်သည်။

ထို့နောက် ခရမ်းကိုင်းကျေးရွာမှ တောင်သူ ဒေါ်သင်းသင်းခိုင်၏ မျိုးစေ့ထုတ်စိုက်ကွက် သုံးဧက၌ မိုးစပါးစံကွက်ရိတ်သိမ်းရာ(အစို) ၁၀၈ တင်းထွက်ရှိကြောင်း သိရသည်။



ဝေကြည်(ပြန်/ဆက်)

# လှိုင်လင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်း

လှိုင်လင် နိုဝင်ဘာ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ဟဲနန်းကျေးရွာအုပ်စု တခေါ့တန်ကျေးရွာ၌ ကျင်းပရာ လှိုင်လင်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ဆန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က သင်တန်းသားများအနေဖြင့် မိမိတို့၏မွေးမြူရေးလုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် မွေးမြူရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး ခုနစ်ရက်ကြာ အခမဲ့စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ



## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန






## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



## မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးအောင်မြင်

မင်းဘူး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ကျေးရွာများ၌ ဖူးစားပြောင်းစိုက် တောင်သူများသည် ယခုနှစ်တွင် ဧက ၂၁၀၀ စိုက်ပျိုးထားကာ အောင်မြင်ဖြစ်ထွန်းပြီး ပြောင်းဖူးဈေးကောင်းသောကြောင့် တွက်ခြေကိုက်ကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများကို စိုက်ပျိုးပြီး နှစ်လအကြာတွင် ဖူးစပြုပြီး သုံးလအတွင်း ခုတ်၍ ရောင်းချနိုင်သည်။ မင်းဘူးမြို့၏ လက်ရှိပြောင်းဖူးဈေးနှုန်းများမှာ လက်လီဈေး တစ်ဖူးလျှင် ငွေကျပ် ၇၀၀၊ လက်ကားဈေး ငွေကျပ် ၅၀၀ ဖြင့် ရောင်းချကြသည်။ ပြောင်းဖူးပင်များကို စနစ်တကျ စိုက်ပျိုးပါက ပြောင်းဖူးအထွက်နှုန်းများ ပိုမိုကောင်းစေသည်။ ဖူးစားပြောင်းများကို ပြောင်းကြမ်း၊ သကြားပြောင်း၊ ပြောင်းစေးဟူ၍ သုံးမျိုးရှိပြီး ပြောင်းကြမ်းမှာ တိရစ္ဆာန်များအတွက်သာ အသုံးပြုစိုက်ပျိုးကြသည်။

### ပြောင်းစိုက်ပျိုးသူများမှာ ဝင်ငွေကောင်း

ပြောင်းဖူးများ စိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက်အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက်အစေ့ချ၍ စနစ်တကျ စိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ ရှင်သန်ကြီးထွားကာ အဖူးများကိုလည်း ချောစေသည်။ ပြောင်းဖူးပင်များမှာ တစ်ဧက အပင်ရေ ၁၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ပင်ကို သုံးဖူး/ လေးဖူးအထိ ဖူးကာ ပြောင်းစိုက်ပျိုးသူများမှာ ဝင်ငွေကောင်းကာ အဆင်ပြေကြကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၄၅၉ ဧကထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၃၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထား စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ယခုနှစ်အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲလွမ်း ၄၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီများတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲလွမ်းသီးနှံ စိုက်ပျိုးရေးကို အားထားစိုက်ပျိုး လုပ်ကိုင်ကြကြောင်း သိရသည်။ ယခင်နှစ် ဆောင်းသီးနှံ ရာသီတွင် ပဲလွမ်းသီးနှံ ၃၂၃၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သတ်မှတ်လျာထား ဧက ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကာ သီးနှံအထွက်နှုန်းအနေဖြင့် တစ်ဧက ၁၄ ဒသမ ၉၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဈေးကွက်ရှိသော ပဲလွမ်းသီးနှံကို ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားရေးအတွက် သတ်မှတ်လျာထားစိုက်ဧက ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## တပ်ကုန်းမြို့နယ်၌ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက် စုစုပေါင်း ၃၆၃၂ ဧက လျာထားစိုက်ပျိုး



တပ်ကုန်း နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် မီးဖိုချောင်သုံး သီးနှံများဖြစ်သည့် ကြက်သွန်နီနှင့်ဟင်းသီးဟင်းရွက်စုစုပေါင်း ၃၆၃၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်အတွင်း ဒေသခံတောင်သူများ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ အထွက်နှုန်းရရှိရေး၊ နည်းပညာရပ်များ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင်သီးနှံများကို စိုက်ပျိုးကြရေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### စိုက်ပျိုးမည်

တပ်ကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက် လျာထားစိုက်ပျိုးမှုအနေဖြင့် ကြက်သွန်နီ ၈၇၄ ဧက၊ ဟင်းသီးဟင်းရွက် ၂၇၅၈ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းသီးနှံဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အောင်မြင်အောင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၁၃-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

"ခင်လေးနဲ့ မတွေ့ခင်တုန်းက ငါ့ဘဝမှာ အချစ်ဆိုတာမှမရှိသေးဘဲ ကျော်ညွန့်ရယ်။ အချစ်ဆိုတာမရှိသေးတဲ့ ငယ်ဖြူဘဝနဲ့ အချစ်ဆိုတဲ့အရာနဲ့ သိပ်ချစ်စရာကောင်းတဲ့ချစ်သူကို တွေ့ပြီးနေတဲ့ ခုလိုအချိန်ဘယ်တူပါ့မလဲ"

သူကတော့ သူပြောချင်သည့် စကားများကိုသာ ဆက်ပြောသည်။

"အချစ်ဆိုတာ ဘဝမှာဘာမှမဟုတ်တဲ့ ဇိမ်ခံပစ္စည်းလေးပါကွာ။ ထမင်းငတ်ရင် ဘယ်သူမှ အသည်းကွဲမနေနိုင်ပါဘူး"

သူ့စကားကို ကျွန်တော်နားမဝင်နိုင်။ ထို့အတူ ကျွန်တော် ပြန်လည်ရှင်းပြလျှင်လည်း သူမည်သို့မျှ လက်ခံမည်မဟုတ်သဖြင့် ဘာမှပြန်မပြောတော့။ သို့သော် ဘာပဲဖြစ်ဖြစ် သူ့ထံမှ စကားတစ်ခွန်းတလေ အကြံအဖြစ် ရကောင်းမည်ဟုမျှော်လင့်၍ -

"ဒါဖြင့် ငါဘာလုပ်ရမလဲ ကျော်ညွန့်။ ကိုယ့်ချစ်သူ တစ်ပါးသူလက်ထဲပါသွားတာကို ဒီအတိုင်းပဲ ကြည့်နေလိုက်ရမလား"

ကျော်ညွန့်က ကျွန်တော့်ကို သေခါနီးလူမမာ တစ်ယောက်လို ကြည့်နည်းမျိုးဖြင့် ကြည့်ရင်း-

"နို့ . . . မင်းက ဘာများလုပ်နိုင်တာရှိလို့လဲ ထွန်းဝေ။ အေးပေါ့ကွာ၊ မင်းဆိုတဲ့ကောင်က အချစ်တစ်ခုမှာဘဝလို့ထင်ပြီး အနာဂတ်ကိုယ့်ဘဝ၊ အနာဂတ်ကိုယ့်ချစ်သူဘဝ၊ ပြီးတော့ မင်းရွာ၊ မင်းအမေ၊ မင်းပတ်ဝန်းကျင်ဆိုတာတွေ မစဉ်းစားဘဲ ပေါင်းရပြီးရော၊ ထမင်းရည်အတူလျက်မယ်ဆိုရင်တော့ လုပ်စရာတွေရှိတာပေါ့"

သူ့စကားက ကျွန်တော့်စိတ်ကိုပုံလဲကျသွားအောင်မလုပ်နိုင်သော်လည်း ကျွန်တော့်ရင်ကိုမူ ခါးဖြတ်ရိုက်လိုက်သလို ဖြစ်သွား၏။

သို့သော် သူပြောမှ ကျွန်တော် အဓိကဖွင့်ဟတိုင်ပင်သင့်သည့် လူတစ်ယောက်ကို ပြေးမြင်သည်။ အမေ ...။

ကျွန်တော် အမေ့ကို ဘာမှ မပြောရသေးပါလား။

* * * * *

"မထူးပါဘူးကွာ၊ ခိုးမယ့်ကိစ္စကတော့ ခိုးမှာသာ ခိုးပါ။ ပြီးတော့ နေဖို့ထိုင်ဖို့အဆင်မပြေသေးရင် ငါ့ဆီခဏ မင်းကောင်မလေးကို ပေါင်ထားပေါ့။ မင်းကျောင်းစရိတ်ရော၊ ကောင်မလေး ကျောင်းစရိတ်ရော ငါထောက်မယ်။ မင်းကျောင်းပြီးတော့မှ ပြန်ယူပေါ့။ ငွေပြန်ဆပ်စရာမလိုပါဘူး"

"ဟာကွာ ....."

စန်းလွင် စကားအဆုံး အားလုံးပွဲကျသွားသည်။ ကျွန်တော်က ပါးစပ်မှဆဲရင်း လက်ထဲရှိသည့် သစ်သားမီးခြစ်နှင့် ကောက်ပေါက်လိုက်သည်။ စန်းလွင်က မီးခြစ်ကိုခေါင်းငုံ့ရှောင်လိုက်ကာ -

"မသိဘူးလေ၊ မင်း အကြံအိုက်နေတယ်ဆိုလို့ ငါက အကောင်းပြောရတာ။ ဒါတောင် ခင်လေးမို့၊ ဟိုသောက်ခေါမလေး ခင်မာအေးဆိုရင် အပေါက်ဆိုးလွန်းလို့ အတိုးပေးတာတောင်လက်မခံဘူး"




"သေလိုက်ပါလား"

အောင်လင်းက သူ့ကိုထိလာသဖြင့် စောစောကလို မရယ်တော့ဘဲ နားရင်းကိုထအုပ်၏။ အားလုံး ဝိုင်းရယ်ကြသည်။

လူပုံက ဖြူဖြူနွဲ့နွဲ့နှင့် ဝင်းနိုင်ကမူ ထောင့်တစ်ထောင့်တွင် ကုပ်ထိုင်နေရာက-

"နေစမ်းပါကွာ၊ ဟိုကောင်ညစ်နေရတဲ့အထဲ အရမ်းတွေလောင်မနေစမ်းနဲ့။ ဒီမှာ ထွန်းဝေ၊ မင်းကို ငါပြောပြမယ်"

အခိုက်အတန့်အားဖြင့်တော့ သူ့အတည်စကားကြောင့် အားလုံး၏အာရုံများသည် သူ့ဆီစုရုံးသွားသည်။ သူက လေသံအေးအေးဖြင့်-

"မင်း အက်ဖ်ဒဗလျူ၊ ဗောဒီလုံဆိုတဲ့ကဗျာကြားဖူးလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။ စန်းလွင်ကမူ မင်သေသေနှင့်ဝင်၍ -

"သိသားပဲကွ၊ အရင်က တို့အိမ်နားမှာ ရေထမ်းတဲ့ရေကုလားပဲ"

ဝင်းနိုင်၏အကြည့်သည် ဒိုင်းခနဲ ရောက်သွား၏။

"စန်းလွင် ဝင်မရှုပ်နဲ့ကွာ။ ဟိုကောင်က အကောင်းပြောနေတာ။ နင့်အမေနဲ့ ကြာကူလီရိုက်ခဲ့တဲ့ ကုလားအကြောင်းပဲ ထည့်ထည့်ပြောနေ"

"ဟော့ကောင်နော်"

ကြားမှ အသားလွတ် ဝင်ခွပ်လိုက်သော အောင်လင်းကို စန်းလွင် တီးထည့်လိုက်သည်။

ပေါ်ဦးက အသာငြိမ်၍ ကြည့်နေရာက -

"ဟော့ကောင်တွေ . . . တော်တော့၊ ဝင်းနိုင် ဆက်ပြောကွာ။ အဲဒီကောင်က ဘာဖြစ်လို့လဲ"

ကျွန်တော်က သူတို့ကို ပြုံးကြည့်ရင်း ဝင်းနိုင် စကားကိုနားစွင့်သည်။ ဝင်းနိုင်က သူ့လေသံအေးအေးနှင့်ပင် -

"အဲဒီ ကဗျာဆရာရဲ့ အလင်းရောင်" ဆိုတဲ့ ကဗျာလေးတစ်ပုဒ် ဖတ်ဖူးတယ်။ မူရင်းနာမည်က 'လိုက်တ်'တဲ့"

"ဪ . . . ဒါလား၊ ငါသိသားပဲ။ အင်္ဂလန်မှာ ရေနံဆီရှားတုန်းကရေးခဲ့တာ ငါမှတ်မိတယ်"

ပေါ်ဦးက ဘာမပြောညာမပြော သူ့ခေါင်းအုံးဖြင့် ထရိုက်သည်။ စန်းလွင် ကုပ်သွား၏။ ဝင်းနိုင်က ဆက်၍-

"အေး. . .အဲဒီကဗျာထဲမှာပါတဲ့ စာပိုဒ်လေး ငါအမြဲဆောင်ထားတယ်။ ရော့ . . . ငါ့ဘာသာငါ တတ်သလို ဘာသာပြန်ထားတာ၊ ဖတ်ကြည့်"

သူက သူ့အိတ်ထဲမှ ပန်းရောင်စာရွက်လေး တစ်ရွက်ထုတ်ယူလိုက်ပြီး ကျွန်တော့်ကိုပေးသည်။ ကျွန်တော်က အသံထွက်၍ ထိုကဗျာလေးကို ဖတ်လိုက်၏။

*"ညမှာ မျက်လုံးပေါင်း တစ်ထောင်ရှိတယ်၊*
*ဒါပေမဲ့...*
*နေ့မှာတော့ တစ်ခုတည်း၊*
*သို့တိုင်အောင် နေ . . . သေသွားတဲ့အခါ*
*ကမ္ဘာတစ်ခုလုံးရဲ့ အလင်းရောင်ဟာလည်း*
*ဆုံးပါးသွားမှာပဲ၊*
*အသိဉာဏ်မှာ မျက်လုံးပေါင်း တစ်ထောင်ရှိတယ်၊*
*ဒါပေမဲ့...*
*နှလုံးသားကတော့ တစ်ခုတည်း၊*
*သို့တိုင်အောင် အချစ်ကပြုလိုက်တဲ့အခါ*
*ဘဝတစ်ခုလုံးရဲ့ အလင်းရောင်ဟာလည်း*
*ဆုံးပါးသွားမှာပဲ"*

"ကောင်းတယ်ကွာ၊ ဒီကောင့်ကို ငါ့မင်္ဂလာဆောင်ကျရင် ဩဘာစာဖတ်ခိုင်းမယ်။ ရတုပိုဒ်တစ်ပိုဒ်လည်းဘိုလိုရေးခိုင်းမယ်။ ဘယ်သူ အက်ဖ်ဒဗလျူဗောတစ်လုံးဟုတ်လား"

ဇာတိပုည ဂုဏ်မာနကိုက မရွှတ်ရလျှင် မနေနိုင်သော စန်းလွင်က ဝင်လောင်ဖြစ်အောင် လောင်သည်။ ကျွန်တော်ပင် ပြုံးစိစိဖြစ်သွား၏။ အောင်လင်းကလည်း ဝင်၍ -

"အေး . . . ဟုတ်တယ်၊ မင်းပြောတဲ့ ဗော တစ်လုံးနဲ့ ခံစားချက်ချင်းသိပ်တူတယ်"

"ဘာလဲ၊ မင်းလည်း နတ်ကွပ်ပဲလား"

ဝါးခနဲ ရယ်သံများ တစ်ခန်းလုံး ဆူညံသွား၏။ ပေါ်ဦးက တဟားဟားနှင့် သဘောကျနေ၏။ ဝင်းနိုင်ပါ ရောရယ်နေတော့၏။ ကျွန်တော်က လိုရင်းမြန်မြန်ရောက်စေချင်သဖြင့် ဝင်းနိုင်ကို လှမ်းပြီး-

"ဒီကဗျာရဲ့ ဆိုလိုချက်ကို ငါနားလည်တယ် ဝင်းနိုင်။ အချစ်မရှိရင် ဘဝလည်းသေသွားမယ်ပေါ့။ ဒီတော့ မင်းကဘာပြောချင်တာလဲ"

ဝင်းနိုင်က ချက်ချင်းမပြောသေးဘဲ ကျွန်တော် ကမ်းပေးသော စာရွက်ကိုအိတ်ထဲခေါက်ထည့်လိုက်သေး၏။ ပြီးမှ ဆေးလိပ်တစ်လိပ်ကိုယူ၍ ခေါင်းဆိတ်ဖွဲ့ကာ -

"ဘာပြောစရာလိုသေးလဲ ထွန်းဝေရာ၊ တခြားဘာမှတွေးမနေနဲ့။ မင်းလုပ်ရမယ့်အလုပ်ကို ပြတ်အောင်လုပ်။ ဘာမှမစိုးရိမ်နဲ့၊ အချစ်ရှိရင် အားလုံးပြည့်စုံတယ်။ သခင်ကိုယ်တော်မှိုင်းပြောတာ မကြားဖူးဘူးလား။ ဗမာပြည်မှာ ထမင်းတစ်လုတ်ကို ထင်းခုတ်စားတာနဲ့ရပါတယ်ဆိုတာ"

ရင်ထဲမှ ဆန္ဒမီးတောက်သည် လောင်စာထပ်ဖြည့်ခြင်းခံရသဖြင့် ဝုန်းခနဲထတောက်၏။

"ငါလည်း ဒီလိုပဲ ဆုံးဖြတ်ထားတာပဲ ဝင်းနိုင်"

ပေါ်ဦးက ကျွန်တော့်ကိုအကဲခတ်သလို တစ်ချက်လှမ်းကြည့်၏။ ဝင်းနိုင်က ခေါင်းညိတ်ရင်း-

"ဒါဖြင့် ဘာလို့တွေဝေနေသလဲကွာ။ ဟိုမေးဒီမေးနဲ့ မင်းကြာရင် ပိုခေါင်းရှုပ်လာမှာပေါ့"

ကျွန်တော် သူ့စကားကို ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေမိသည်။ ထိုစဉ် စန်းလွင်က ဝင်၍ -

"အေး... ဝင်းနိုင်ပြောတာ ဟုတ်တယ်"

သူ့စကားစလိုက်သည်ဆိုလျှင် အားလုံး၏ မျက်လုံးများ သူ့ဆီပြုံရောက်လာ၏။ နောက်ရင်တော့ အသတ်ပဲဆိုသော မျက်လုံးများ။

သူကလည်း သဘောပေါက်ဟန်တူပါသည်။

"ငါနောက်မလို့မဟုတ်ပါဘူး၊ အတည်ပြောမလို့၊ ဟိုကွာ၊ မင်း တက္ကသိုလ်စရောက်တုန်းက အိမ်သာထဲမှာ ဖြစ်ခဲ့တဲ့အကြောင်းတို့ကို ပြောပြထားတာ မှတ်မိလား"

ဟိုတုန်းက အိမ်သာထဲမှာဖြစ်ခဲ့သော အဖြစ်ကလေးနှစ်ခုကို တစ်ပြိုင်နက် သတိရသည်။ ဒီကောင်နောက်ဦးမှာပဲဟူသောအတွေး ချက်ချင်းလိုက်လာ၏။

"ဟော့ကောင် ..... စကားကောင်းပြောနေရင် မနောက်နဲ့တော့ကွာ"

ကျွန်တော့်လိုပင် တွေးမိဟန်တူသော အောင်လင်းကလည်းဝင်ဟန့်၏။ စန်းလွင်က ခေါင်းခါရင်း-

"ငါ မနောက်ပါဘူးလို့ ပြောပြီးပြီကွာ။ သူ့ဘာသာသူဖြစ်တာက ရယ်စရာရယ်စရာပဲ။ ငါမြင်တာက ယူတတ်ရင် ဘဝအသိတစ်ခု ရဖို့ကောင်းတယ်"

ကျွန်တော် မျက်မှောင်ကြုတ်၍ သူ့စကားဆီ အာရုံစိုက်သည်။ သူက ဆက်၍ -

"အိမ်သာထဲ ဟိုကြည့်လိုက်ပါဦး၊ ဒီကြည့်လိုက်ပါဦးဆိုပြီး လျှောက်ညွှန်ပြီးမှ သူများပြောတိုင်း လျှောက်လုပ်တဲ့သူဟာ ငပေါလို့ ရေးထားတဲ့ကိစ္စကို စဉ်းစားကွာ"

အဖြစ်အပျက်ကိုလည်း မှတ်မိ၏။ သူပြောလိုရင်းကိုလည်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ဝင်ထောက်ခံပေးလိုက်၏။

"အင်း . . . အင်း . . . မင်းပြောတာ ငါနားလည်ပြီ"

စန်းလွင်က ခေါင်းညိတ်ပြီး -

အေး ...ဒါပဲကွ၊ လူဆိုတာ သူ့အယူအဆနဲ့သူ တူတာမဟုတ်ဘူး။ ဟိုက ဒါဖြင့် ဟုတ်တယ် ပြောလိုက်၊ ဒီလူက ဒါမဟုတ်ဘူး ပြောလိုက်နဲ့ မင်းက ဟိုဟာဟုတ်နိုး၊ ဒီဟာဟုတ်နိုး လျှောက်တွေးရင်း နောက်ဆုံးကျတော့ ဘာမှမဟုတ်ဘဲ မင်းကျန်ရစ်ဖြစ်တာပဲအဖတ်တင်မှာ"

သူ့စကားအဆုံး ကျွန်တော့်ရင်ထဲမှ ဆုံးဖြတ်ချက်လေးသည် အင်္ဂတေလောင်းပြီးသား ဖြစ်သွား၏။ ခိုင်သွားလေပြီတည်း။


* * * * *

(ဆက်လက်ဖော်ပြပါမည်)

ခင်လေးနဲ့ မတွေ့ခင်တုန်းက ငါ့ဘဝမှာ အချစ်ဆိုတာမှမရှိသေးဘဲ ကျော်ညွန့်ရယ်။
အချစ်ဆိုတာမရှိသေးတဲ့ ငယ်ဖြူဘဝနဲ့ အချစ်ဆိုတဲ့အရာနဲ့
သိပ်ချစ်စရာကောင်းတဲ့ချစ်သူကို တွေ့ပြီးနေတဲ့ ခုလိုအချိန်ဘယ်တူပါ့မလဲ
သူ့စကားကို ကျွန်တော်နားမဝင်နိုင်။
ထို့အတူ ကျွန်တော် ပြန်လည်ရှင်းပြလျှင်လည်း သူမည်သို့မျှ
လက်ခံမည်မဟုတ်သဖြင့် ဘာမှပြန်မပြောတော့။ သို့သော် ဘာပဲဖြစ်ဖြစ်
သူ့ထံမှ စကားတစ်ခွန်းတလေ အကြံအဖြစ် ရကောင်းမည်ဟုမျှော်လင့်

စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
**စာတည်း**

# အန်စလော့တီအနေနဲ့ အမ်ဘတ်ပီကို ခေါ်ယူမှု ရီးယဲလ်မက်ဒရစ်အတွက် ဘယ်လောက်အောင်မြင်မှုရှိမလဲ



စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို ဇူလိုင်လအတွင်းက ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းကနေ ခေါ်ယူခဲ့တာဖြစ်ပြီး အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ဘာနေဗျူးကို ရောက်ရှိလာခဲ့ပြီး နောက်ပိုင်း အကောင်းဆုံးပုံစံတစ်ခုရရှိဖို့ ရုန်းကန်နေရသူလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ယခုဘောလုံးရာသီအတွင်း ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၅ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ငါးပွဲမှာတော့ သွင်းဂိုး တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ယူရို ၂၀၂၄ ပြိုင်ပွဲမှာ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သလို ပြင်သစ်အသင်းအတွက်လည်း သွင်းဂိုး ၄၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အဲဒီလိုစွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့လာခဲ့ချိန်မှာ ပုံစံကောင်းရရှိဖို့ ရုန်းကန်နေရတာကြောင့် ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းနည်းပြ ဒက်ချမ့်ကလည်း နိုင်ငံလက်ရွေးစင်အသင်းအတွက် ရွေးချယ်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရတော့ ၂၀၁၈ ခုနှစ်အတွင်းက ပြင်သစ်အသင်းအတွက် ကမ္ဘာ့ဖလားရယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်နဲ့ ဆက်ဆံရေးအဆင်မပြေမှုတွေရှိနေတယ်လို့ သိရပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့လက ယှဉ်ပြိုင်ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ အိမ်ကွင်းဘာနေဗျူး၌ ဘာစီလိုနာအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးပွဲကြုံခဲ့ပြီး လက်ရှိစပိန်လာလီဂါ အမှတ်ပေးဇယားမှာလည်း အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ ခြောက်မှတ်အထိ ကွာဟမှုရှိနေတာလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ ဘာစီလိုနာအသင်းနဲ့ ပွဲစဉ်မှာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရပေမယ့် အမ်ဘတ်ပီနဲ့ ဗီနီစီးယပ်ဂျူနီယာတို့ရဲ့ တိုက်စစ်အတွဲဟာ အလုပ်မဖြစ်ခဲ့ဘဲ ဘာစီလိုနာအသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့ရာသီက ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါ ဖလားချန်ပီယံဖြစ်ခဲ့ချိန်မှာ ရီယဲလ်မက်ဒရစ်အသင်းအောက် ၁၀ မှတ်ကွာ အနေအထားနဲ့ ရာသီပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်နဲ့ လာလီဂါမှာ အောင်မြင်မှုရရှိခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ နိုဝင်ဘာ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း အေစီမီလန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဘာစီလိုနာအသင်းနဲ့ ခြောက်မှတ်ကွာအနေအထားကို ရောက်ရှိနေပြီး နည်းပြအန်စလော့တီအနေနဲ့ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူခဲ့မှုဟာ အသင်းအတွက် ဘယ်လောက်အထိ အောင်မြင်မှုရရှိမလဲ ဆိုတာကို စောင့်ကြည့်ရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# တိုက်စစ်မှူး ဟာလန်း ပရီမီယာလိဂ်ရဲ့ လုပ်ခလစာအမြင့်ဆုံးကစားသမားဖြစ်လာတော့မည်



မန်စီးတီးအသင်းဟာ လက်ရှိအသင်းအတွက် အားထားရတဲ့ တိုက်စစ်မှူး ဟာလန်းကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုတော့မှာဖြစ်တဲ့အတွက် တိုက်စစ်မှူးဟာလန်းဟာ ပရီမီယာလိဂ်ရဲ့ လုပ်ခလစာအမြင့်ဆုံးကစားသမားဖြစ်လာတော့မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟာလန်းကို တစ်ပတ်လုပ်ခလစာ ပေါင်ငါးသိန်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းအနေနဲ့ မန်စီးတီးအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့မယ်ဆိုပါက ပရီမီယာလိဂ်ရဲ့ လုပ်ခလစာအမြင့်ဆုံး ကစားသမား ဖြစ်လာတော့မှာဖြစ်ပြီး လက်ရှိမှာ မန်စီးတီးအသင်းကစားဖော် ကီဗင်ဒီဘရိုင်းက တစ်ပတ်လုပ်ခလစာပေါင် လေးသိန်းရရှိထားတာ ဖြစ်ပါတယ်။

ဒါ့ပြင် တိုက်စစ်မှူး ဟာလန်းဟာ ဥရောပရဲ့ တစ်ဦးချင်းဝင်ငွေအမြင့်ဆုံး ကစားသမားစာရင်းဝင် ဖြစ်လာတော့မှာဖြစ်ပြီး လက်ရှိမှာ ဘာစီလိုနာအသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်က တစ်ပတ်လုပ်ခလစာ ပေါင် ခြောက်သိန်းရရှိနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းက ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းဆီကို တစ်ပတ်လုပ်ခလစာ ပေါင် ၃၇၅၀၀၀၊ ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ နဲ့ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။

လက်ရှိဆွေးနွေးလျက်ရှိတဲ့ စာချုပ်သစ်တစ်ရပ်ကို လက်ခံခဲ့မယ်ဆိုရင် တိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၈-၂၀၂၉ ဘောလုံးရာသီကုန်အထိ အီတီဟက်ဒ်မှာ ဆက်ရှိနေမှာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းဟာ လက်ရှိအချိန်မှာ မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၁၃ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးစုစုပေါင်း ၁၀၅ ဂိုးသွင်းယူပေးထားပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ၇၇ ပွဲမှာ ၇၅ ဂိုးအထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာဟာ အီတီဟက်ဒ်မှာ ဆက်ရှိနေရေးအတွက် တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် စည်းမျဉ်းအရ သဘောတူညီထားပြီးဖြစ်တယ်လို့ သိရပါတယ်။
- မန်ယူအသင်းရဲ့ ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့တဲ့ နစ္စတယ်ရွိုင်းဟာ အိုးထရက်ဖို့ဒ်မှ ထွက်ခွာခဲ့ပြီးနောက် ပရီမီယာလိဂ်အသင်းတစ်သင်းတွင် ပြန်လည်တာဝန်ယူကိုင်တွယ်ခွင့်ရရှိရန် မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းဟာ ဘီဘာအိုအသင်းမှ စပိန်တိုက်စစ်ကွင်းလယ်ကစားသမား ဆန်းဆက်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- ဂျူဗင်တပ်အသင်းဟာ မန်ယူအသင်းမှ နယ်သာလန်တိုက်စစ်မှူး ဇာဇီးကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- ရိုးမားအသင်းမှ အသက် ၃၅ နှစ်အရွယ်ရှိ ဂျာမနီနောက်တန်းကစားသမား ဟမ်မဲလ်ဟာ ကစားသမားဘဝမှ အနားယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်းဟာ ကမ္ဘာ့အဆင့်ရှိ ကစားသမားတစ်ဦးခေါ်ယူရေး ငွေကြေးသုံးစွဲရန် အသက် ၂၅ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အလက်ဇန္ဒားအီဆက်ကို ရောင်းချသွားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- လိုင်လီအသင်းနဲ့ နွေရာသီဈေးကွက်အတွင်း စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ကနေဒါတိုက်စစ်မှူး ဂျိုနက်သန်ဒေးဗစ်ကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

# နေးရှင်းလိဂ်ပြိုင်ပွဲသမိုင်းမှာ သွင်းဂိုး ခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးအသင်းအဖြစ် ဂျာမနီအသင်း မှတ်တမ်းဝင်ခဲ့



ဂျာမနီအသင်းနဲ့ ဘော့စနီးယားအသင်းတို့ နိုဝင်ဘာ ၁၇ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်မှာ ဂျာမနီအသင်းက ဘော့စနီးယားအသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျာမနီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် နှစ်မိနစ်မှာ မူဆီယယ်လာက တစ်ဂိုး၊ ၂၃ မိနစ်နဲ့ ၇၉ မိနစ်တို့မှာ ကလီယန်ဒီယန့်က နှစ်ဂိုး၊ ၃၇ မိနစ်မှာ ကိုင်ဟာဗက်က တစ်ဂိုး၊ မိနစ် ၅၀ နဲ့ ၅၇ မိနစ်တို့မှာ ဝါ့ဇ်က နှစ်ဂိုး၊ ၆၆ မိနစ်မှာ ဆာနေးက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီအသင်းဟာ အခုပွဲစဉ်မှာ ဘော့စနီးယားအသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ယခုဘောလုံးရာသီ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ နေးရှင်းလိဂ်ပွဲစဉ် ငါးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေရမှတ် ၁၃ မှတ်အထိရရှိထားတာလည်းဖြစ်ပါတယ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

**❂ ကျောဖုံးမှ**

ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် တက္ကသိုလ်အသင်းသည် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရွှေပြည်သာအသင်းသည် ခြောက်မိနစ်တွင် ချစ်ထွေး၊ ၄၃ မိနစ်တွင် နိုင်လင်းထက်တို့ သွင်းယူသည့် ဂိုးများဖြင့် ဦးဆောင်နိုင်သော်လည်း ပထမပိုင်းပြီးခါနီးတွင် ရွှေပြည်သာအသင်းမှ သောင်းဇော်မြတ် ကိုယ့်ဂိုးကိုယ်ဂိုးသွင်းမိသဖြင့် ချေပဂိုးတစ်ဂိုးပြန်ပေးခဲ့ရသည်။ ဒုတိယပိုင်းတွင် တက္ကသိုလ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများရရှိရန် အားထည့်ကစားလာရာ ၄၉၊ ၈၃ မိနစ်တွင် အောင်မြင့်မြတ်၊ ၇၃ မိနစ်တွင် ဇင်ဖြိုးအောင်တို့က ဂိုးများသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို တက္ကသိုလ်အသင်းမှ မြင့်နိုင်သူက ရရှိသည်။

ပွဲစဉ်(၁၂) ဒုတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ ကချင်ယူနိုက်တက်နှင့် ငွေကြယ်ပွင့်အသင်း၊ ပဒုမ္မာကွင်း၌ ဧရာဝတီရိန်းဂျားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

**❖ အာဆီယံအမျိုးသမီးမှ**

ပွဲအစတွင် ဗီယက်နမ်အသင်းက ဂိုးစတင်သွင်းယူသော်လည်း ၁၀ မိနစ်တွင် နန်းဆိုင်ဘရင်းနှင့် ၁၅ မိနစ်တွင် ဆက်နွယ်နီတို့က မြန်မာအသင်းအတွက် ဂိုးများပြန်သွင်းခဲ့သည်။

ဒုတိယနေ့အပြီးတွင် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်စီ၊ အင်ဒိုနီးရှားအသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။ အုပ်စုတတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ-MFF**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

MINISTRY OF HEALTH

## စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် **ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့်** နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေပါသည်။** (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် **မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း** တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီသည်** အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ **သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်အဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေမြင့်မားစေခြင်း** တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။



မပြည့်ဝဆီ




ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား (၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်၊မေလ)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ် များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့်တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည်အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ် (၁၂) ၏ (၃-လွှာ) (ခြေရင်းဘက်ခြမ်းတိုက်ခန်း)၊ အကျယ်အဝန်း ( ၁၅ ပေ x ၅၀ ပေ) တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် လက်ရှိတပ်ဆင်အသုံးပြုလျက်ရှိသော (ရေ+မီး) အပါအဝင် ပစ္စည်းများ၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဇော်ရဲလင်း [၇/ပခန(နိုင်)၁၉၃၀၁၃] က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ရှိပြီး အထက်ဖော်ပြပါတိုက်ခန်းကို ဦးဇော်ရဲလင်း၏ မိခင်ဖြစ်သူ ဒေါ်မီမီအောင် [၇/ပခန(နိုင်)၀၀၅၈၈၂]ကိုင်ဆောင်သူက ဦးဇော်ရဲလင်း ကိုယ်စား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူခင် [၅/တမန(နိုင်)၀၃၆၄၇၀] က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B) (အထက်တန်းရှေ့နေ) (စဉ်-၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၆၁၀၁၃၃**

### ဖခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ (မြို့မ အ.ထ.က) ကျောင်း GRADE-6 မှ မောင်အာကာဘုန်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးရဲညွန့်ဦး [၁၂/မဂဒ(နိုင်) ၁၁၄၁၀၉] ဖြစ်ပါသည်။

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊လသာမြို့နယ်၊ (၈)ရပ်ကွက်၊၂၄ လမ်း၊ အမှတ်(၁၂၉)နေ ဒေါ်လဲ့လဲ့ဝင်း (၁၂/မဘန(နိုင်)၁၁၄၂၆၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊(၁)ရပ်ကွက်၊ထူပါရုံ(၁)လမ်းအနောက်၊၆ လွှာ(ဒါဘာ)၊ အမှတ်(၇၆၇)၊အကျယ်အဝန်း(၁၈' x ၅၀')ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ မဇာခြည်လင်း(၁၀/တကန(နိုင်)၀၇၉၄၁၀)မှ ယင်းတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်းကမ်းလှမ်းရာ အဆိုပြုတန်ဖိုးဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သဘောတူလက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရံငွေကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစိုးပြည့်လင်း**
**LL.B,D.I.L,WIPO(switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၅၆)**
အမှတ်(၁၆၄)၊ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၄၀၆၄၈၇ ၊ ၀၉ ၇၈၅၄၀၆၄၈၇

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ (၁၉) ရပ်ကွက်၊ နှင်းပန်းလမ်း၊ မြေကွက်အမှတ်(၈၉၃/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဌေးလွင် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဇော်မင်းထွေး [၁၂/ပဘတ(နိုင်)၀၁၃၅၅၈] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးမျိုးအေး [၅/ကလတ(နိုင်)၀၆၃၄၀၃] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးမျိုးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈/ပဲမှီကုန်း)၊ မြေကွက်အမှတ်(၈၈)၊ သဇင်လမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ အိမ်အမှတ်(၈၂)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၈၀ ပေ x အနံ ၆၅ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြမြစိန် [၁၂/ဗဟန(နိုင်)၀၀၆၆၅၉] မှ အရှုပ်အရှင်းကင်းပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမော်**
**တရားလွှတ်တော်ရှေ့နေ၊ လိုင်စင်အမှတ်(၁၀၇၂၄)**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၈၃၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်း၊စိန်ပန်းပင်ရပ်ကွက်၊ကျောင်းကြီး(၆)လမ်းနေ မလှိုင်ဇာနွယ်(၇/ဖမန(နိုင်)၂၀၄၇၉၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊(၈)ရပ်ကွက်၊ယုဇနလမ်း၊ တိုက်အမှတ်(၃၂)၊၄ လွှာ (ခေါင်းရင်း)ခန်း၊ အကျယ်အဝန်း($၁၂\frac{၁}{၂}$' X ၅၅')ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရွှေဇင်+ဒေါ်ခိုင်သီတာထွန်းတို့မှ ယင်းတိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်းကမ်းလှမ်းရာ အဆိုပြုတန်ဖိုးဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သဘောတူလက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရံငွေကိုပေးချေ ခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးစိုးပြည့်လင်း**
**LL.B,D.I.L,WIPO(switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၅၆)**
အမှတ်(၁၆၄)၊ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၄၀၆၄၈၇ ၊ ၀၉ ၇၈၅၄၀၆၄၈၇

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှ စတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇ ၊ မြေကွက်အမှတ် ၁၀၉၃/ခ ၊ မြေကွက်တည်နေရာအမှတ် - ၁၀၉၃/ခ၊ မင်းဘူးလမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအေးမြင့် (1/MHA - ၀၈၄၃၆၂) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးအေးမြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်စန်းစန်းမြင့် (၁၂/ဗဟန(နိုင်)၀၅၉၅၉၇)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ယင်းမြေ၏ ဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ နှစ်(၆၀) ဂရန်မူရင်းအား အခြားသူများထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းမရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ် (ကြည်စု)၊ ကျောင်းလမ်း (၃)လမ်း၊ မြေကွက်အမှတ်(၁၉)၊ မြေအကျယ်(၂၅ပေx၅၀ပေ) မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ တိုက်မျက်နှာဝမှ မျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)၊တိုက်ခန်းအကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ ရေ၊ မီးစုံ တိုက်ခန်း အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ကန်ထရိုက်တာထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် တရားဝင် စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈]က ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ငြိမ်းအောင် LL.B, LL.M (International Law), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၃

| | | |
|---|---|---|
| ဒေါ်နော်ဝင်းသန္တာ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်ချိုသက်) **(တရားလို)** | နှင့် | ၁။ ဦးစိန်မြင့် ၂။ ဦးလှနှစ် **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၄)နေ (၂)တရားပြိုင် ဦးလှနှစ်(ယခု နေရာလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မရမ်းကုန်းခရိုင်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမကြီး အမှုအမှတ်-၉၂တွင် (၁-၁၁-၂၀၂၃)ရက်နေ့ကချမှတ်သော စီရင်ချက်နှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ အမှတ်(၃) ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၃၈)နေ ဦးဒိုးလုံး[၁၂/သခန(နိုင်)၀၆၈၁၄၈]၊ အမိဒေါ်ရီရီဝင်း[၁၂/သခန(နိုင်)၀၇၂၆၈၀]တို့၏ သမီးဖြစ်သူ မပန်ဆုစံ [၁၂/ခရန(နိုင်)၁၂၂၀၆၃]သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဦးဒိုးလုံး + ဒေါ်ရီရီဝင်း**

## ဒုတိယဗိုလ်မှူးကြီး မောင်မောင်အောင် (ငြိမ်း)
**လေ/၁၇၇၇**
**B.E. (EP) ၊ MBA**
## အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေ ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၆၂)၊ ၃လွှာ(ညာ)နေ (ဦးကြိုင်-ဒေါ်မြသန်း)တို့၏သား၊ ဒေါ်တင်နွယ်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ထက်ထက်အောင်၊ ဦးဝေဖြိုးမြင့်-ဒေါ်ခင်ငြိမ်းလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မရွှေရည်ဖြိုးအောင်၊ မောင်ဇွဲပြည့်ဖြိုးအောင်တို့၏ ချစ်လှစွာသောအဘိုးဖြစ်သူသည် ၁၆-၁၁-၂၀၂၄ (စနေနေ့) နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၈-၁၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၂၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ၂၅ လမ်း (၈၃ x ၈၄ ကြား)၊ အိမ်အမှတ်(၂၃၉) တွင် နေထိုင်ခဲ့သူ ဦးအရှ်က်ဖ် (Asraf) [၉/မရမ(ဧည့်)၀၀၀၁၂၄]သည် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၂၈လမ်း(အောက်လမ်း)၊ တိုက်အမှတ်(၂၅)၊ ၅ လွှာ၊ ဘယ်ဘက် အခန်း၊ (၁၃ ပေခွဲ x ၅၀ ပေ) ရှိ လူနေအိမ်ခန်းနှင့် အကျိုးခံစားခွင့်ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် (၂၆-၁- ၂၀၁၆)ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်သူ၏ ဇနီး ဒေါ်ရာရှီဒါ [၉/မနမ(နိုင်)၀၉၁၂၈၈]နှင့် သမီး ဒေါ်ရရှီတဘီဘီ(ခ) ဒေါ်မြင့်မြင့်အေး[၉/အမဇ(ဧည့်)၀၀၀၁၅၃]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ထိုအခန်းကို ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

ထိုတိုက်ခန်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာအကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဦးဖေတင် တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၃၃)(၂၇-၂-၁၉၈၅)**
**အမှတ်(၄၂)၊ ၂၈-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၁၇၁၈၉၂**

## ဦးမျိုးမင်းခန့် [၇/ အတန(နိုင်)၁၂၅၆၁၁]
## မန်နေးဂျင်းဒါရိုက်တာ
## HMK Construction & Interior Decoration Co.,Ltd
## သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၁၂၃၆)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးလှထွန်း(ခ) ဦးရွှေသိန်း[၁၂/သကတ(နိုင်)၀၈၀၃၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း ဦးမျိုးမင်းခန့် [၇/အတန(နိုင်)၁၂၅၆၁၁]သိစေရန်နှင့် လိုက်နာဆောင်ရွက်ပေးရန် အောက်ပါအတိုင်း ကြေညာပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၁၂၃၆) တည်ရှိရာ မြေပေါ်တွင် အကျယ်အဝန်း (၁၈ပေx၄၅ပေ)၊ ၃ထပ်ခွဲ(မြေညီထပ်ခိုးပါ)အာရ်စီတိုက်သစ် အဆောက်အဦအား PAE (ပစ္စည်း+လက်ခ) စနစ်ဖြင့် ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာဖြစ်သူ လူကြီးမင်းနှင့် မြေရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေတို့က(၂၉-၁၂-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး အဆောက်အဦကို PAE (ပစ္စည်း+ လက်ခ) စနစ်ဖြင့် ဆောက်လုပ်ရာတွင် ကျွန်ုပ်၏မိတ်ဆွေမှ ကုန်ကျစရိတ်ငွေကျပ်-၁၄၄,၀၀၀,၀၀၀/(ကျပ်သိန်းပေါင်းတစ်ထောင့်လေးရာလေးဆယ်တိတိ)အား (၁၂) ကြိမ်ဖြင့် အရစ်ကျပေးချေမည်ဖြစ်ကြောင်းနှင့် (၂၀-၁-၂၀၂၄)ရက်နေ့မှ (၃၀-၁၁-၂၀၂၄)ရက်နေ့အထိ ကြာမြင့်ချိန် (၁၀)လဖြင့် ပြီးစီးအောင် ဆောက်လုပ် ပေးမည်ဖြစ်ကြောင်း လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့က စာချုပ်တွင် သဘောတူသတ်မှတ်ခဲ့ကြပါသည်။

လူကြီးမင်းသည် တိုက်သစ်ဆောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ်ငွေကျပ်-၁၂၆,၇၂၀,၀၀၀/ (ကျပ်သိန်း တစ်ထောင့်နှစ်ရာခြောက်ဆယ့်ခုနစ်သိန်းနှစ်သောင်းတိတိ)အား ကျွန်ုပ်မိတ်ဆွေထံမှ ထုတ်ယူခဲ့ပြီးဖြစ်သော်လည်း အဆိုပါတိုက်သစ်အား အကြမ်းထည်အနေအထားအထိ ပြီးစီးအောင် ဆောက်လုပ်ခဲ့ခြင်းမရှိဘဲ (၂၅-၁၀-၂၀၂၄) ရက်နေ့မှစ၍ လူကြီးမင်းဘက်မှ လုံးဝအဆက်အသွယ်ဖြတ်တောက်ခဲ့သောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အတိဒုက္ခရောက်ပြီး နစ်နာဆုံးရှုံးမှုများဖြစ်ပေါ် ခံစားခဲ့ရပါသည်။ ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းနှင့် တွေ့ဆုံညှိနှိုင်းလိုသဖြင့် လူကြီးမင်းနေထိုင်ရာ ရပ်ကွက်မှ တာဝန်ရှိသူနှင့် သွားရောက်တွေ့ဆုံခဲ့သော်လည်း လူကြီးမင်းမှ လာရောက်တွေ့ဆုံခဲ့ခြင်းမရှိဘဲ ရှောင်တိမ်းနေခဲ့ပါသည်။

ထို့ကြောင့် လူကြီးမင်းမှ တာဝန်ယူဆောက်လုပ်ပေးနေသော အထက်ပါ အဆောက်အဦအား လူကြီးမင်းမှ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ပေးရန်အတွက် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတောအတွင်း ကျွန်ုပ်၏ မိတ်ဆွေသို့ လာရောက်ဆက်သွယ်ပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လူကြီးမင်းမှ ကျွန်ုပ်၏ မိတ်ဆွေထံသို့လာရောက် ဆက်သွယ်ရန်ပျက်ကွက်ပါက လူကြီးမင်းအား ထပ်မံစောင့်ဆိုင်းတော့မည်မဟုတ်ဘဲ (၂၉- ၁၂-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်အား ကျွန်ုပ်၏မိတ်ဆွေမှ ဖျက်သိမ်းတော့မည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ အဆောက်အဦအား ကျွန်ုပ်၏မိတ်ဆွေမှ မိမိစိတ်ကြိုက် စီမံခန့်ခွဲဆောင်ရွက်သွားမည် ဖြစ်သဖြင့် မည်သူမဆို တစ်စုံတစ်ရာ ဟန့်တားနှောင့်ယှက်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာဇာဖြူ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၆၂)**
**အမှတ်-၂၉(၃)လွှာ၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၂၆၈၄၁၃**

## ဦးတင်ရွှေ
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်/လယ်ယာ**
**စီးပွား/ကူးသန်း ဝန်ကြီးဌာန**
## အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၀)လမ်း၊ အမှတ်(၆၃၂)နေ ဒေါ်လှရည်(စား/ဖျော်-ငြိမ်း) ၏ ခင်ပွန်း၊ မမီမီတင်၊ ကိုဝင်းကျော်ဦး-မကေသီတင်တို့၏ ချစ်လှစွာသော မွေးသဖခင် ကျေးဇူးရှင်၊ မအေးရတနာကျော်(Nanyang Institute of Management Singapore)၏ အဘိုးသည် ၁၇-၁၁-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၁၁-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၄ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရွှေ
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်/လယ်ယာ**
**(ဥက္ကဋ္ဌ၊ ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများအချင်းချင်း ရိုင်းပင်းကူညီရေးအသင်း)**
## အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၀)လမ်း၊ အမှတ်(၆၃၂)နေ ဦးတင်ရွှေ အသက်(၈၂)နှစ် [အထွေထွေမန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်လယ်ယာ ဝန်ထမ်းဟောင်းများအချင်းချင်း ရိုင်းပင်းကူညီရေးအသင်း ဥက္ကဋ္ဌ]သည် ၁၇-၁၁-၂၀၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများအချင်းချင်း ရိုင်းပင်းကူညီရေးအသင်း**

## (၁)လပြည့်ဆွမ်းကပ်တရားတော်နာဖိတ်ကြားလွှာ
## ဒေါ်မြင့်မြင့်ဝင်း (Unis Khoo)
**MEHS 68 Batch, B.Sc(Chemistry)**
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ် (၆၀/၄)နေ ဦးတင်ထွန်း၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ဝင်း(Unis Khoo) အသက် (၇၅)နှစ်သည် ၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ဆေးရုံ၌ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၁-၂၀၂၄(သောကြာနေ့)တွင် (၁)လပြည့်ဆွမ်းကပ် တရားတော်နာပြုလုပ်မည် ဖြစ်ပါသဖြင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၆၀/၄) နေအိမ်သို့ နံနက် ၁၁:၃၀ နာရီတွင် ပရိတ်တရားတော်နာကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **"ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံစာရေးဆရာအသင်း၏ (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ** ဆောင်းပါး စာမျက်နှာ » ၁၀

**အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၌ ဘက်စုံပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးပေးသည့်ကြေညာချက် တစ်ရပ်ချမှတ်** စာမျက်နှာ » ၁၃

**တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ် သိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

**အန်စလော့တီအနေနဲ့ အမ်ဘတ်ပီကို ခေါ်ယူမှု ရီးယဲလ်မက်ဒရစ်အတွက် ဘယ်လောက်အောင်မြင်မှု ရှိမလဲ** စာမျက်နှာ » ၂၅


## MNL-2 ပြိုင်ပွဲတွင် Chinland နှင့် တက္ကသိုလ်အသင်း အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂) ပထမနေ့ကို နိုဝင်ဘာ ၁၇ ရက်က ကျင်းပရာ Chinland အသင်းနှင့် တက္ကသိုလ်အသင်းတို့ အနိုင်ရခဲ့သည်။



Chinland အသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းက Glory Goal အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေသည့် Chinland အသင်းသည် ကျဉ်းမြောင်းသည့် ရလဒ်ဖြင့် အနိုင်ယူကာ ချန်ပီယံအိပ်မက် ဆက်လက်ရှင်သန်ခဲ့သည်။

**အနိုင်ဂိုးသွင်းယူ**

Chinland အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၃ မိနစ်တွင် ဝေယံထွန်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Chinland အသင်း ကွင်းလယ်ကစားသမား ကျော်စွာထက်က ရရှိသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့** ❂



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာဆီယံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲကြုံတွေ့

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို နိုဝင်ဘာ ၁၇ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းရှုံးပွဲကြုံတွေ့ခဲ့သည်။

**ဂိုးပြတ်အရေးနိမ့်**

အုပ်စုဒုတိယနေ့တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ငါးဂိုး-နှစ်ဂိုး၊ ထိုင်းအသင်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ဖိလစ်ပိုင်နှင့် သရေကျထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် နိုင်ငံတကာအတွေ့အကြုံနည်းပါးမှုကြောင့် အရေးပါသည့်အချိန်တွင် လိုအပ်ချက်များရှိခဲ့ပြီး ဒုတိယပိုင်းတွင် လေးဂိုးပြန်ပေးရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၂၇ ကော်လံ ၃ သို့** ❖